ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (25-12-2013) (၇၇၀၅)


✳ စိုက်ပျိုးခြင်း၊ ကြိတ်ခွဲခြင်း၊ ဈေးကွက်သို့ သယ်ပို့ရောင်းချခြင်းအဆင့်အထိ Supply Chain တစ်ခုလုံး အချိတ်အဆက်မိမိ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်တည်းအားထက် ယင်းလုပ်ငန်းတွေကို သမဝါယမအသင်းများ ဖွဲ့စည်းပြီး ဆောင်ရွက်သွားပါက ပိုမိုအောင်မြင်လာမည်ဖြစ်။

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးထုတ်လုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လပွတ္တာ၊ ဖျာပုံ၊ မအူပင်၊ မြောင်းမြ၊ ဟင်္သာတနှင့် ပုသိမ်ခရိုင်တို့ရှိ သမဝါယမအသင်းများမှ အသင်းဝင်များ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ပြုလုပ်ကျင်းပသည့် အခမ်းအနားသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့မှ သမဝါယမအသင်းသားများအား မြို့နယ်အလိုက် ငွေကြေးအရင်းအနှီးများ မတည်ရင်းနှီးငွေအဖြစ်ထုတ်ချေးပေးအပ်မည့်အပြင် မိမိတို့ကိုယ်တိုင်ကြိုက်နှစ်သက်သော လက်တွန်းထွန်စက်၊ ထွန်စက်၊ ထော်လာဂျီ၊ ထရပ်ကား၊ အင်ဂျင်၊ မီးစက်၊ ရေစုပ်စက်၊ သုံးဘီးဆိုင်ကယ်၊ အပ်ချုပ်စက်၊ ဆိုက်ကား၊ မော်တော်ဆိုင်ကယ်၊ ငါးဖမ်းပိုက်နှင့် ငါးဖမ်းလှေ စသည့် ရေလုပ်ငန်းသုံး ပစ္စည်းတန်ဖိုးအပါအဝင် ကျပ်သန်းပေါင်း ၈၁၉၁ ဒသမ ၉၆၃ ထုတ်ချေးပေးအပ်သွားမည့် အခမ်းအနားဖြစ်ပါကြောင်း။

ဤငွေကြေးနှင့် ပစ္စည်းများကို သမဝါယမဝန်ကြီးဌာန အစီအစဉ်ဖြင့် ထုတ်ချေးပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် ရှစ်ရပ်တွင်ပါဝင်သည့် သမဝါယမဝန်ကြီးဌာန၏လုပ်ငန်းများကို ဆင်းရဲနွမ်းပါးသူများအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ၌ သမဝါယမဝန်ကြီးဌာနက အသေးစားချေးငွေထုတ်ပေးခြင်းအားဖြင့် ကျေးလက်နေပြည်သူများ၊ မြို့ပြနေ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရုံသာမက ပညာရေး၊ ကျန်းမာရေး စသည့် လူမှုရေးလုပ်ငန်းများပါ အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍကို အဓိကအားထားနေကြသည့် ကျေးလက်နေပြည်သူများအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် လက်ရှိအခြေအနေတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)






ကြေးမုံစာတည်းရှုထောင့် — ၂၅-၁၂-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

# အမျိုးသားရေးအားမာန်

ကမ္ဘာပေါ်ရှိ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ရသည့် နိုင်ငံများသည် သူ့ကျွန်ဘဝမှလွတ်မြောက်အောင် ရုန်းထွက်ကြရာ၌ ထိုနိုင်ငံရှိပြည်သူတို့၏ အသက်သွေးချွေးပေါင်းမြောက်မြားစွာ ပေးဆပ်ပြီးမှသာ လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရရှိလာခဲ့ကြပါသည်။

ထိုသို့ မိမိတို့နိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိအောင် ကြိုးပမ်းရုန်းကန်ရာ၌ နှစ်ပေါင်းများစွာ အားထုတ်ခဲ့ကြရပြီး ထိုနိုင်ငံ၏ လွတ်လပ်ရေးဆုံးပါးခဲ့ရခြင်းအကြောင်းမှာလည်း ထိုနိုင်ငံတွင် စည်းလုံးညီညွတ်မှုပြိုကွဲခြင်း၊ အမျိုးသားရေးစိတ်ဓာတ် လျော့နည်းလာခြင်းတို့ကြောင့် အချိန်အနည်းငယ်မျှကာလအတွင်း သူ့ကျွန်ဘဝသို့ ကျရောက်သွားရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝ၌ နှစ်ပေါင်း ၁၂၃ နှစ်တိုင် ခါးသီးစွာနေထိုင်ခဲ့ကြရပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ်သို့ ပြန်လည်ရရှိခဲ့ရသည်မှာ ဆယ်စုနှစ်တစ်ခုကျော်ကြာ အမျိုးသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်နိုင်ခြင်း၊ လုံးဝလွတ်လပ်သောနိုင်ငံအဖြစ်သို့ ပြန်လည်ရရှိလိုသော ထက်သန်ပြင်းပြသည့် အမျိုးသားရေးအားမာန်များ တိုးပွားလာခြင်းတို့ကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးအတွက် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးအားမာန် အထက်သန်အပြင်းပြဆုံးသော အချိန်ကာလကိုပြန်ကြည့်မည်ဆိုပါက ၁၉၄၂ ခုနှစ်သည် အမျိုးသားရေးစိတ်ဓာတ် အထွတ်အထိပ်အရောက်ဆုံးကာလဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ထိုကာလအထွတ်အထိပ်သို့ မရောက်ရှိမီအကြိုနှစ်များက ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် သခင်မျိုးဟေ့ ဒို့ဗမာဟု လက်ခမောင်းခတ် ကြွေးကြော်ခဲ့ကြသောအချိန်ကာလဖြစ်ပါသည်။ ထိုကြွေးကြော်သံနှင့်အတူ မျိုးချစ်စိတ်ဓာတ်ရှိသူ လူငယ်လူရွယ်အားလုံး မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မည့် မျိုးချစ်တပ်မတော်အတွင်းသို့ ခြေစုံပစ်ဝင်ခဲ့ကြပါသည်။

မျိုးချစ်တပ်မတော်တွင် လူတန်းစားအလွှာစုံမှ မြန်မာတစ်မျိုးသားလုံးပါဝင်အားဖြည့် သွေးသစ်လောင်းခဲ့ပြီး ရဲဘော်သုံးကျိပ်ဦးဆောင်သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်အတူ ကျူးကျော်သူနယ်ချဲ့တို့ကို အမြစ်မှမကျန်တွန်းလှန်ချေမှုန်းနိုင်ခဲ့ပါသည်။ ထို့နောက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်၍ လုံးဝလွတ်လပ်သော နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံသည့် နိုးကြားတက်ကြွသော အမျိုးသားရေးအားမာန်များပြည်သူလူထုတစ်ရပ်လုံးတွင် ပေါက်ဖွားလာသောကြောင့်ဖြစ်သည်။ ၁၉၄၂ ခုနှစ်ကာလက မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးအားမာန်များ မြင့်မားထက်သန်လာပုံမျိုးကို မသိမီလိုက်သူများ သိရှိနားလည်စေရန် ညွှန်းဆိုနှိုင်းယှဉ်ပြပါဟုဆိုလျှင် ယခုနှစ် ဆီးဂိမ်းပွဲတော်ကာလ မြန်မာတစ်မျိုးသားလုံး၏ အောင်စိတ်မှဖြစ်ပေါ်လာသော ပြင်းပြသည့်အမျိုးသားရေးစိတ်ဓာတ်များသည် အလားတူဟု ဆိုလိုချင်ပါသည်။

နှစ်ပေါင်းများစွာ ကင်းကွာနေသည့် အားကစားပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်ခြင်း၊ အောင်ဆုများ ပြန်လည်ရရှိခြင်းတို့သည် မြန်မာပြည်သူပြည်သားအားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းအား၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်များဖြင့် အရယူပေးနိုင်ခဲ့သဖြင့် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှ ရရှိလာသည့် အောင်စိတ်များ၊ အမျိုးသားရေးအားမာန်များကို အခြေခံကာ ရရှိပြီးသော လွတ်လပ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတို့ကို ထာဝရမြဲမြံခိုင်ကျည်အောင်တည်ဆောက်ရင်း ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် ဆက်လက်အသုံးပြုကြရမည်ဖြစ်သည်။

ယခုကဲ့သို့အဖွဲ့အစည်းအသီးသီး၊ လူတန်းစားအလွှာအသီးသီးတို့က အမျိုးသားရေးအားမာန်များဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်ကို အောင်မြင်စွာပူးပေါင်းအကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် ရှေ့ဆက်ရမည့် ခရီးလမ်းအတွက် ခွန်အားသစ်များဖြစ်ရာ ထိုအမျိုးသားညီညွတ်ရေးစိတ်ဓာတ်များဖြင့် ငြိမ်းချမ်းသာယာသော ခေတ်တစ်ခေတ်ကို ဆက်လက်တည်ဆောက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ပုဂံတွင်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပထမဆုံးအစည်းအဝေးတွင် သတင်းရယူမည့် မီဒီယာသမားများ အဆင်ပြေစေရေး စီစဉ်ထားရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ဆောင်ရွက်ရာတွင် ပထမဦးဆုံးကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ASEAN Foreign Minister's Meeting Retreat, AMM (Retreat) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ပုဂံမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရာတွင် သတင်းရယူကြမည့် ပြည်တွင်းပြည်ပသတင်းထောက်များနှင့် နိုင်ငံခြားသတင်းထောက်များအသင်း(Foreign Correspondents' Club) အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးရဲနိုင်(အထွေထွေမန်နေဂျာ) ၀၆၇-၃၆၁၃၇၇၊ ၀၆၇-၄၁၂၁၃၉၊ ၀၉-၈၃၀၆၂၅၈ သို့လည်းကောင်း၊ ဦးလှိုင်မြင့် (ညွှန်ကြားရေးမှူး) ၀၆၇-၄၁၂၁၂၆၊ ၀၉-၄၉၂၀၅၀၀၄ npemoi@gmail.com သို့လည်းကောင်း ဆက်သွယ်၍ အမည်စာရင်း ပေးပို့ကြရမည်ဖြစ်ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက်ကတ်များ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် ဗီဇာလျှောက်ထားရာတွင် နီးစပ်ရာသံရုံးများမှတစ်ဆင့် လျှောက်ထားကြရမည်ဖြစ်သည်။ ပြည်တွင်း ပြည်ပမှ သတင်းထောက်များအနေဖြင့် သတင်းထောက်ကတ်လျှောက်ထားရယူရန် လျှောက်လွှာပုံစံအား ASEAN Webportal ဖြစ်သော www.asean 2014, gov.mm events ခေါင်းစဉ်အောက်ရှိ asean 2014 summit, more detail, ASEAN Foreign Minister's Meeting Retreat, AMM (Retreat)တွင် ဗီဇာပုံစံကို download ရယူနိုင်ပါသည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ သတင်းထောက်ကတ်ရရှိရေးနှင့် ပတ်သက်၍ သိရှိလိုပါက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးလှိုင်မြင့်(ညွှန်ကြားရေးမှူး)ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မော်လမြိုင်ရုပ်သံစက်ရုံ၌ လက်ရှိ 10 KW အစား 500 W ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ်(DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပါး၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

မော်လမြိုင်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်အတွင်း Digital Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ် လွှင့်စက် 10 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ယင်းသို့ 500 W ဖြင့် ထုတ်လွှင့်မှုကို မော်လမြိုင်ရုပ်သံစက်ရုံမှ မိုင် ၂၀ အတွင်းရှိသော မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ ချောင်းဆုံ၊ ပေါင်၊ ဘားအံမြို့များအထိသာ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 10 KW ဖြင့်ထုတ်လွှင့်စဉ်က ရရှိနေသော မိုင် ၂၀ ကျော်နေရာများမှ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 10 KW ဖြင့်ပြန်လည်ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၄၄၀၀ | - | ၆၄၅၄၀၀ |
| မန္တလေး | ရွှေဈေး | ၆၄၄၀၀၀ | - | ၆၄၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၅. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၄၈. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၂. ၂၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၁၃၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၉. ၂၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၈၉၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၄၅. ၄၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၈၃၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၇၉. ၁၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၇. ၄၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**







ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Khim Bun Song နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် Sokha Hotel ၌ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား ဆီရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Khim Bun Song ကညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက် နံနက် ၈ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် Angkor Wat ဘုရားကျောင်းကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်း၊ မီဒီယာနှင့် နိုင်ငံခြားရေးရာကော်မရှင်ဥက္ကဋ္ဌ H.E. Mr. Chheang Vun နှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်မှ တာဝန်ရှိသူများ၊ ဆီရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူး H.E.Mr. Khim Bun Song၊ မြန်မာသံအမတ်ကြီး ဦးချို့ထွန်းအောင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး



**နေပြည်တော် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး အကြိမ်အဖြစ် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အိုလံပစ်ကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာလက်ခံကျင်းပခဲ့ခြင်းဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သကဲ့သို့ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲကိုလည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ပထမဆုံးအကြိမ် လက်ခံကျင်းပရမည်ဖြစ်ရာ ဖွဲ့စည်းထားရှိသည့် ကော်မတီများအနေဖြင့် ယခင် SEA Games ပြိုင်ပွဲကြီးကဲ့သို့ အောင်မြင်စွာကျင်းပနိုင်ရေး တက်ညီလက်ညီ ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြိုင်ပွဲကျင်းပရန် ၁၅ ရက်ခန့်သာလိုတော့သည်ဖြစ်ရာ အားကစားနည်းအလိုက် ပြိုင်ပွဲကျင်းပမည့် ကွင်း/ရုံများ အဆင်သင့်ဖြစ်စေရေးနှင့် နိုင်ငံတကာမှ လာရောက်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားသမားများ အစစအဆင်ပြေဖြစ်စေရေး ဖွဲ့စည်းထားရှိသည့် ကော်မတီများအပြင် တစ်နိုင်ငံလုံး အတိုင်းအတာအထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး SEA Games ပြိုင်ပွဲကြီးထက်မလျော့သော ပြင်ဆင်ဆောင်ရွက်မှု၊ နွေးထွေးစွာကြိုဆိုမှု၊ ပြည့်စုံသော ဖြည့်ဆည်းဆောင်ရွက်မှုတို့ဖြင့် ဝိုင်းဝန်းလုပ်ဆောင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက ပြိုင်ပွဲကျင်းပရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြပြီး ကော်မတီအသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက် ညနေ ၆ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံမှ အားကစားသမားအင်အား ၁၅၃၁ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ စစ်တုရင်၊ ခုနစ်ယောက် တစ်ဖက်ဘောလုံး၊ ငါးယောက်တစ်ဖက်ဘောလုံး၊ ဂိုးလ်ဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘောပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၆ ရက်အထိ ကျင်းပမည့် ၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ ဖလားဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားကာ ကော်မတီအသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ဖြည့်စွက်တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်နေသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက အမှာစကားပြောကြားရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် နှစ်အလိုက်ရန်ပုံငွေ ခွင့်ပြုရရှိမှုများနှင့် ရရှိဘဏ္ဍာငွေကို အကျိုးရှိစွာ သုံးစွဲနိုင်ရေး၊ ဝန်ကြီးဌာန၏ ဘဏ္ဍာငွေ အရစ်ကျထုတ်ပေးမှုစနစ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုများအပေါ် လုပ်ငန်းကြွေးကျန်များမရှိအောင် ဆောင်ရွက်ရေး၊ ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို အလေးထားပြီး ပြည်သူဗဟိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအနေဖြင့် ပြည်သူကို အကျိုးပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်နိုင်ရေး အကြံပြုပေးစေလိုကြောင်း ဆွေးနွေးပြောကြားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ထပ်မံဆောင်ရွက်လိုသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှု ခေတ္တရပ်ဆိုင်းမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်း၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး(Platform)နှင့် ဖိအားမြှင့်တင်စက်ပလက်ဖောင်းတို့အကြား ပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီမှ ဇန်နဝါရီ ၁၅ ရက် နံနက် ၆ နာရီအထိ ဆောင်ရွက်မည်ဖြစ်သဖြင့် ပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ပြည်ပသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်ခြင်းအား ရပ်ဆိုင်းထားမည်ဖြစ်သည်။

ပြည်တွင်းသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနေမှုကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ကန်ပေါက်-မြိုင်ကလေး ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြင့် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှုကို ၂၄ နာရီကြာနှင့် ရတနာ-ရန်ကုန် ၂၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြင့် ဖြန့်ဖြူးမှုကို ၄ နာရီကြာ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပြီး ထိုသို့ ခေတ္တရပ်ဆိုင်းထားစဉ်ကာလအတွင်း ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် စက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် သဘာဝဓာတ်ငွေ့ပုံမှန်ဖြန့်ဖြူးပေးနိုင်ရန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွင်းသို့ ကြိုတင်၍ ဓာတ်ငွေ့ဖိအားအပြည့်အဝ ဖြည့်ဆည်းပေးထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး


ဓာတုလက်နက်များသယ်ဆောင်ရေးအတွက် အသင့်ပြင်ဆင်ထားသော ကုန်တင်ယာဉ်များကို တွေ့ရစဉ်။

# ဆီးရီးယားဓာတုလက်နက်များ သယ်ဆောင်ရေး ကုန်တင်ယာဉ် ၇၅စီး ရုရှားစေလွှတ်မည်

**မော်စကို ဒီဇင်ဘာ ၂၄**

ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်ဖျက်သိမ်းရေးအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန်အတွက် ကုန်တင်ယာဉ် ၇၅စီးကို ပို့ဆောင်စေလွှတ်မည်ဖြစ်ကြောင်း၊ ယင်းသည် ဆီးရီးယား၏ ဓာတုလက်နက်ဖျက်သိမ်းရေး နိုင်ငံတကာအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ပြောကြားရာ၌ ယင်းကုန်တင်ယာဉ်များကို လုံခြုံရေးဆိုင်ရာ ကိရိယာများ တပ်ဆင်၍ ယခုရက်သတ္တပတ်အစောပိုင်းကာလအတွင်း ကပင် ဆီးရီးယားနိုင်ငံအတွင်းသို့ စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းရုရှားကုန်တင်ယာဉ်များသည် ဆီးရီးယားဓာတုလက်နက်များကို မြေထဲပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ အတွင်းသို့ သယ်ဆောင်ရာ၌ အကူအညီပေးနိုင်မည်ဟု ဆိုသည်။

ယခုနှစ် ဩဂုတ်လအတွင်းက အမေရိကန်ပြည်ထောင်စု အနေဖြင့် ဆီးရီးယားနိုင်ငံကို စစ်ရေးအရ အရေးယူ ပိတ်ဆို့မှုများမှ ရှောင်လွှဲနိုင်စေရေးအတွက် ယင်းနိုင်ငံ၏ ဓာတုလက်နက်များဖျက်သိမ်းရေးကို ဆောင်ရွက်ခဲ့ရာတွင် ဆီးရီးယားအစိုးရက သဘောတူညီခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များ ဖျက်သိမ်းရေး ဆိုင်ရာ သဘောတူညီချက်အရ အမေရိကန်နှင့် ရုရှားနိုင်ငံမှ လက်နက်ဖျက်သိမ်းသူများသည် ယင်းလက်နက်များကို ၂၀၁၄ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် တစ်ဝက်တစ်ပြက် ဖျက်သိမ်းရေးကို သဘောတူညီခဲ့ကြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ကုလသမဂ္ဂ ဓာတုလက်နက်များ ဖျက်သိမ်းရေးဆိုင်ရာ အဖွဲ့အစည်းက ဆီးရီးယားနိုင်ငံ၏ ထုတ်လုပ်ခဲ့သမျှသော ဓာတုလက်နက် များအား ၎င်းနိုင်ငံ၏ပြင်ပတွင် ဖျက်ဆီးဖြုတ်သိမ်းသည့် အစီအစဉ်တစ်ရပ် ချမှတ်ခဲ့သည်။

**ဘီဘီစီ။**



# ယီမင်နိုင်ငံအတွင်းရှိ ဆေးရုံတစ်ရုံအား တိုက်ခိုက်ခဲ့မှု အယ်လ်ခိုင်ဒါအဖွဲ့ တောင်းပန်

**ဆာနား ဒီဇင်ဘာ ၂၄**

အာဖရိကကျွန်းဆွယ်ဒေသအတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေသည့် အယ်လ်ခိုင်ဒါအဖွဲ့က ရှားတောင့်ရှားပါး တောင်းပန်ဝန်ခံမှုတစ်ရပ်ကိုပြုလုပ်ခဲ့သည်။ ယင်းဝန်ခံမှုမှာ ယီမင်နိုင်ငံအတွင်းရှိ စစ်ဘက်ဆိုင်ရာဆေးရုံ တစ်ရုံကို ၎င်းအဖွဲ့မှ စီးနင်းဝင်ရောက်သတ်ဖြတ်မှုကြောင့်ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယီမင်နိုင်ငံ ဆာနားမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာနဝင်းအတွင်းရှိ ဆေးရုံတစ်ရုံကို ၎င်းတို့၏ အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များက စီးနင်းမှုတစ်ရပ်ပြုလုပ်စဉ်အတွင်း လူ ၅၂ ဦးသေဆုံးမှုနှင့်ပတ်သက်၍ တပ်ဖွဲ့ဝင်များ၏ အမိန့်မနာခံမှုနှင့်ပတ်သက်၍ ယင်းစစ်သွေးကြွအဖွဲ့ခေါင်းဆောင် အော်စမင်အယ်လ်ယေမိက တောင်းပန်ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယီမင်အာဏာပိုင်များအား တိုက်ခိုက်မှုကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းသွေးထွက်သံယိုဖြစ်မှုအတွက် ၎င်းအဖွဲ့၏ အမှားအယွင်းပြုမှုများအား ခွင့်လွှတ်ရန် ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ယီမင်ကာကွယ်ရေးဝန်ကြီးဌာန၏ ရုံးဝင်းအားဝင်ရောက်တိုက်ခိုက်ခဲ့ရခြင်းမှာ ယင်းရုံးကိုအသုံးပြုရန် အမေရိကန် မောင်းသူမဲ့လေယာဉ်များက ၎င်းတို့အပေါ် တိုက်ခိုက်မှုများ စဉ်ဆက်မပြတ်ပြုလုပ်နေခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါ အဖွဲ့၏ကြေညာချက်တွင် ဖော်ပြသည်။ **ဘီဘီစီ။**


ယီမင်နိုင်ငံ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် စစ်ဆေးရုံကို တွေ့ရစဉ်။

# ဘရာဇီးအရှေ့တောင်ပိုင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပွား လူ ၂၀သေဆုံး၊ ၄၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်

**ရီယိုဒီဂျနေရိုး ဒီဇင်ဘာ ၂၄**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းရှိ အက်စ်ပရစ်တိုဆန်တိုနှင့် မိုင်နက်စ်ဂါရစ်ပြည်နယ်တွင် မကြာမီကာလက လေမုန်တိုင်းများ တိုက်ခတ်ပြီးနောက် ရေလွှမ်းမိုးမှုများ ဖြစ်ပွားရာ သေဆုံးသူဦးရေ ၂၀ အထိရှိကြောင်း ဒေသတွင်းရှိ သတင်းမီဒီယာများက ဒီဇင်ဘာ ၂၄ရက်တွင် ဖော်ပြသည်။

အက်စ်ပရစ်တိုဆန်တိုပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် ခြောက်ဦးသေဆုံးပြီး မိုင်နက်စ်ဂါရစ်ပြည်နယ်တွင် ၁၄ဦးသေဆုံးကြောင်း၊ သေဆုံးသူအများဆုံးမှာ ရေလွှမ်းမိုးရာမှ မြေပြိုကာ ၎င်းတို့၏နေအိမ်များအောက်တွင် ပိတ်ဖုံးခြင်းခံရပြီး သေဆုံးခြင်းဖြစ်ကြောင်း မြို့ပြကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင်ဖော်ပြသည်။

အက်စ်ပရစ်ဆန်တိုပြည်နယ်၌ မြို့တော်ဗစ်တိုရီးယားနှင့် မြို့တော်နယ်နိမိတ်အတွင်း ဒေသများတွင် ရေလွှမ်းမိုးမှု အကြီးအကျယ်ဖြစ်ပေါ်သဖြင့် ပြည်သူ ၄၀၀၀၀ခန့် အိုးမဲ့ အိမ်မဲ့ ဖြစ်ပွားရသည်ဟု သတင်း၌ ရေးသားဖော်ပြသည်။

လေပြင်းမုန်တိုင်းဒဏ်ကြောင့် လူနေအိမ် ၆၀၀၀ကျော် ပျက်စီးကြောင်း၊ ပြည်နယ်နှစ်ခုစလုံး၏ အနီးအပါးဒေသများတွင်ပါ ရေလွှမ်းမိုးသဖြင့် တံတားအချို့ ရေစီးဖြင့်မျောပါ ပျက်စီးကြောင်း၊ လမ်းများ၌ ရွှံ့များဖြင့် ပိတ်ဆို့ဖုံးအုပ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

# အီဂျစ်နိုင်ငံရှိ ရဲတပ်ဖွဲ့ဌာနချုပ်တွင် ဗုံးပေါက်ကွဲ ၁၄ ဦးသေဆုံး၊ ၁၃၀ ဒဏ်ရာရရှိ

**ကိုင်ရို ဒီဇင်ဘာ ၂၄**

အီဂျစ်နိုင်ငံ နိုင်းမြစ်ဝကျွန်းပေါ်ဒေသမြို့ဖြစ်သော မင်ဆိုရာတွင်ရှိသည့် ဒေသဆိုင်ရာရဲတပ်ဖွဲ့ဌာနချုပ်တွင် ဒီဇင်ဘာ ၂၄ရက် နံနက်စောစောပိုင်းက ဗုံးပေါက်ကွဲကြောင်း၊ အင်အားပြင်းထန်သော ဗုံးပေါက်ကွဲမှုကြောင့် ၁၄ ဦးထက် မနည်းသေဆုံး၍ ၁၃၀ခန့် ဒဏ်ရာရရှိကြောင်း ဒီဇင်ဘာ ၂၄ရက်သတင်းတွင် ဖော်ပြသည်။

ဗုံးသုံးလုံးအနက် နှစ်လုံးမှာ တစ်ပြိုင်တည်းနီးပါးပေါက်ကွဲခဲ့ကြောင်း၊ တတိယတစ်လုံးမှာ အနီးအနားရှိကားတစ်စီးကို ထောင်ထားပြီး စနက်တံဖြုတ်လိုက်ရကြောင်း အမည်မဖော်လိုသူ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင်ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုသည် မြောက်ပိုင်းအုပ်ချုပ်မှုဒေသ ဒါကွတ်လီယာတွင် ဒေသစံတော်ချိန် နံနက် ၁နာရီ ၁၀မိနစ်က ဖြစ်ပွားကြောင်း မီနာသတင်းဌာနက ဖော်ပြသည်။ ဗုံးပေါက်ကွဲမှုကြောင့် အထပ်ငါးထပ်ရှိဘဏ်အဆောက်အအုံ တစ်လုံးပျက်စီးပြီး ကားတစ်ဒါဇင်ကျော်ခန့် ပျက်စီးသွားကြောင်း၊ ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံများသို့ တင်ပို့ပေးလိုက်ပြီး ဒဏ်ရာပြင်းထန်သူများပါဝင်၍ သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်ကြောင်း၊ အဆောက်အအုံများအတွင်း ပိတ်မိနေသူများလည်းရှိနိုင်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်၏ ပြောကြားချက်ကို သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# ရွှေတံဆိပ် ၈၆ ခု၊ နိုင်ငံအလိုက်အောင်မြင်မှုရခြင်းသည် အားကစားဝန်ကြီးဌာန၏ စွမ်းဆောင်မှုတစ်ခုတည်းမဟုတ် ပြည်ထောင်စုတစ်ခုလုံး၏ ညီညွတ်မှုကြောင့် ဖြစ်ပေါ်လာရသော အောင်မြင်မှုဟုဆိုချင်

တွေ့ဆုံမေးမြန်း - အောင်နိုင် (သတင်းစဉ်)
ဓာတ်ပုံ - ရွှေကိုကိုလေး (သတင်းစဉ်)

မြန်မာနိုင်ငံနှင့် ၄၄ နှစ်တာမျှ ဝေးကွာနေခဲ့ရသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြီးသည်ကား (၂၇) ကြိမ်မြောက်အဖြစ် မိမိတို့မြေပေါ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့ပြီ ဖြစ်သည်။

မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွား ဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခုကို ကမ္ဘာ့အလယ်တွင် မှတ်မှတ်ထင်ထင် စိုက်ထူနိုင်ခဲ့ခြင်းဟုဆိုလျှင် မှားအံ့မထင်။ မြန်မာတစ်မျိုးသားလုံးအတွက် မြန်မာဟူသည့် အသိစိတ်ဓာတ်ဖြင့် ဂုဏ်ယူဖွယ်ရာခံစားနိုင်လျှင်ပင် ဖရဏာပီတိ ဂွမ်းဆီ ထိသို့နှယ် ခံစားရမည်မှာဧကန်မလွဲ။ တစ်ကမ္ဘာလုံးက စိတ်ဝင်တစားဖြင့် မမှိတ်မသုန် စောင့်ကြည့်နေကြသည့် မျက်လုံးများကို မိမိတို့အောင်မြင်စွာလုပ်နိုင်ခဲ့ပြီ ဟူသည့် မာန်ဖြင့် ယုံကြည်မှုရှိရှိ ပြန်တုံ့ပြန်နိုင်ပြီ ဖြစ်ပါသည်။

ပူပူနွေးနွေးဆီးဂိမ်းပွဲတော်ကြီး အောင်မြင်စွာပြီးဆုံးခဲ့မှုအပေါ် မြန်မာလူမျိုးတစ်ယောက်အနေဖြင့် ကျေနပ်အားရဂုဏ်ယူ၍ အရှိန်မသေသေး။ အချို့သော စာနယ်ဇင်း စာမျက်နှာများထက်တွင် အနုတ်သဘောဆောင်သည့် သုံးသပ်ချက်များကို မှတ်မှတ်ထင်ထင်ဖတ်လိုက်ရ၍ စိတ်ထဲတွင် ဘဝင်မကျ။ ဖတ်သမျှ စာသားများကြောင့် ရင်ထဲကမကောင်း။

ထို့ကြောင့် မိမိကိုယ်တိုင်သိရှိလိုသည့် အချက်များကို သတင်းအမှန်ကို ပြည်သူများသို့လည်း ပြန်လည်တင်ပြနိုင်ရန် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်ကို ဒီဇင်ဘာလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းက သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ ဒုတိယဝန်ကြီးခင်ဗျာ၊ အခု ဆီးဂိမ်းပြိုင်ပွဲကြီး အောင်မြင်အောင် အချိန်ယူဆောင်ရွက်ခဲ့တဲ့ အပိုင်းလေးကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဆီးဂိမ်းပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့သလို ဆုတံဆိပ်များရရှိခဲ့မှု အခြေအနေအပေါ်မှာ ပြန်ကြည့်ရင်လည်း ပထမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲ၊ ဒုတိယအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲ၊ (၅) ကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲကို ၁၉၆၉ ခုနှစ်က မြန်မာနိုင်ငံမှာအိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ ပြိုင်ပွဲတွေအပါအဝင် ရရှိခဲ့တဲ့ဆုတံဆိပ်ထဲမှာတော့ ဒီပြိုင်ပွဲကြီးကရရှိခဲ့တဲ့ ရွှေတံဆိပ် ၈၆ ခုကတော့ အများဆုံးပါပဲ။

ကျင်းပရေးလည်း အောင်မြင်ခဲ့သလို အောင်နိုင်ရေးမှာလည်း မြန်မာအသင်းဟာ ရသင့်ရထိုက်တဲ့ ဆုတံဆိပ်တွေရရှိခဲ့တာ တွေ့ရပါတယ်။ ဒီနေရာမှာ နည်းနည်းရှင်းလင်းပြောကြားချင်တာကတော့ အချို့စာနယ်ဇင်းစာစောင်တွေမှာဖော်ပြထားတဲ့ အားကစားသမားများဟာ မိမိပိုက်ဆံ မိမိသုံး၊ အိမ်ကလှမ်းမှာပြီးသုံးရတယ်ဆိုတဲ့ အကြောင်းတွေကစပြီးတော့ ထန်းလျက်ခဲကိုက်၊ ငါးပိရည်နဲ့စား အင်အားများစုပြီး ယှဉ်ပြိုင်ခဲ့ကြရတယ်။ လေ့ကျင့်တဲ့ ပစ္စည်းတွေလည်း အခြားအိမ်နီးချင်းနိုင်ငံတွေလို တန်းမီစံမီ ပစ္စည်းဘယ်နှခုပါပါသလဲဆိုတဲ့ မေးခွန်းတွေနဲ့ ကျွန်တော်တို့ရဲ့နိုင်ငံ၊ ကျွန်တော်တို့အားကစားဝန်ကြီးဌာန နဲ့ အားကစားအဖွဲ့အစည်းတွေရဲ့ ပြင်ဆင်ဆောင်ရွက်မှုတွေအပေါ်မှာ မမှန်မကန် ဝေဖန်သုံးသပ်ရေးသားထားတာကို တွေ့ရပါတယ်။ ဒီလိုရေးသားဖော်ပြမှုတွေဟာ သူတို့မသိလို့ရေးသားထားတာဖြစ်လို့ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ထည့်သွင်းရှင်းပြချင်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၀၉ ခုနှစ် လာအိုနိုင်ငံမှာ ကျင်းပခဲ့တဲ့(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲမှာ SEAGF ကောင်စီတွေ့ဆုံပွဲလုပ်ခဲ့ပါတယ်။ နိုင်ငံအားလုံးက အိုလံပစ်ကော်မတီဥက္ကဋ္ဌတွေ၊ အားကစားဘက်ဆိုင်ရာအကြီးဆုံးပုဂ္ဂိုလ်တွေ တက်ရောက်ကြတဲ့ အဲဒီအစည်းအဝေးမှာ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၃ ခုနှစ်မှာ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရဖို့ အဆိုပြုခဲ့ပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့လည်း ကျွန်တော်တို့ရဲ့ အဆိုပြုချက်ကို ခြွင်းချက်မရှိထောက်ခံခဲ့ကြပါတယ်။

အဲဒီလိုကျင်းပခွင့်ပြုဖို့ ခွင့်ပြုချက်ရရှိခဲ့ကတည်းက ကျွန်တော်တို့ဘက်က ပြင်ဆင်စရာရှိတာတွေကို ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်ကနေဆိုရင် လေးနှစ်နီးပါးပေါ့။ အဲဒီလေးနှစ်အတွင်းမှာ စီမံချက်တွေရေးဆွဲပြင်ဆင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရတာပါ။ အဲဒီလို ရေးဆွဲရာမှာလည်း အခြေခံအားဖြင့် စောစောကတင်ပြ



ဒုတိယဝန်ကြီး ဦးသောင်းထိုက်
(အားကစားဝန်ကြီးဌာန)

သွားသလို ပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် မြန်မာနိုင်ငံကအားကစားသမားတွေ ထိုက်တန်တဲ့ ဆုတံဆိပ်တွေ ရရှိအောင်မြင်နိုင်စေဖို့ပဲ ဖြစ်ပါတယ်။ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်ဆိုရင်လည်း မိဘပြည်သူများ သိရှိပြီးဖြစ်တဲ့အတိုင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှာ ပရိသတ် သုံးသောင်းငါးထောင်ကျော်ဆံ့တဲ့ ဘောလုံးကွင်းကြီးတစ်ကွင်း၊ ပရိသတ်သုံးထောင်ဆံ့နှစ်ရုံနဲ့ ငါးထောင်ဆံ့တစ်ရုံပါဝင်တဲ့ အဆောက်အအုံတစ်ခု၊ နောက်ပြီးတော့ ရေကူးကန်တွေ၊ နိုင်ငံတကာအဆင့်မီ ရေကူးကန်၊ သွေးပူရေကူးကန်တွေကအစ ထည့်သွင်းတည်ဆောက်ခဲ့ပါတယ်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှာ အားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန်အစရှိသဖြင့် တစ်စုံလုံး တည်ဆောက်ခဲ့သလို ဇေယျာသီရိအားကစားကွင်းမှာလည်း တည်ဆောက်ခဲ့ပါတယ်။ ဒါတွေတင်မကဘဲ လေ့ကျင့်ရေးအတွက် နိုင်ငံတကာအဆင့်မီ အားကစားကွင်း၊ အားကစားရုံတွေကိုလည်း တည်ဆောက်ခဲ့ပါတယ်။

**မေး။ ။နိုင်ငံတကာအဆင့်မီလို့ ဘယ်လိုကြောင့် ပြောနိုင်တာပါလဲခင်ဗျာ။**

ဖြေ။ ။နိုင်ငံတကာအဆင့်မီလို့ပြောရတာက ဒီအားကစားကွင်းတွေမှာ ထည့်သွင်းတပ်ဆင်ထားတဲ့ပစ္စည်းတွေက နိုင်ငံတကာအဆင့်မီ ပစ္စည်းတွေချည်းဖြစ်တဲ့အတွက်ကြောင့်ပါ။ ဥပမာအားဖြင့် ရေကူးကန်တွေမှာ ရေကူး၊ ဒိုင်ဗင်နဲ့ပတ်သက်လို့ စံချိန်စံညွှန်းကိုက်ညီတဲ့ တစ်ကမ္ဘာလုံးသုံးနေတဲ့ အိုမီဂါပစ္စည်းတွေကို သုံးထားပါတယ်။ အားကစားပြိုင်ပွဲပစ္စည်းတွေဆိုရင်လည်း ဘောလုံးဆိုရင် ဖီဖာက အသိအမှတ်ပြုထားတဲ့ Adidas ကို သုံးသလို ဘက်မင်တန်ဆိုရင်လည်း Yonex ကိုပဲ သုံးပါတယ်။ အဲဒီလို ကမ္ဘာ့အဆင့်မီ၊ နိုင်ငံတကာအဆင့်မီပစ္စည်းတွေကိုအသုံးပြုပြီးတော့ ပြိုင်ပွဲတွေကျင်းပနိုင်အောင်ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ဒါက ရုပ်ပိုင်းဆိုင်ရာအပိုင်းပေါ့ခင်ဗျာ။ လူသားအရင်းအမြစ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ပြင်ဆင်တာလေးလည်း သိချင်ပါတယ် ခင်ဗျာ။**

ဖြေ။ ။ ဟုတ်ပါတယ်။ ပြင်ဆင်ရတဲ့အပိုင်းမှာ ရုပ်ပိုင်းဆိုင်ရာနဲ့ လူသားအရင်းအမြစ်ပိုင်းဆိုင်ရာ နှစ်ပိုင်းရှိပါတယ်။ အဲဒီလို ရုပ်ပိုင်းဆိုင်ရာအပိုင်းကို ပြင်ဆင်သလို လူသားအရင်းအမြစ်ပိုင်းဆိုင်ရာမှာလည်း အခုဆီးဂိမ်းပြိုင်ပွဲကြီးမှာ မြန်မာအားကစားသမားတွေ အောင်မြင်မှု ရရှိစေဖို့ ရန်ကုန်နဲ့မန္တလေးမှာရှိတဲ့ အားကစားနဲ့ကာယပညာသိပ္ပံက အားကစားသမားတွေ၊ အဖွဲ့ချုပ်တွေမှာရှိတဲ့ ယခင့်ယခင်အားကစားသမားကြီးတွေ၊ ဆုတံဆိပ်ရရှိခဲ့ဖူးတဲ့ အားကစားသမားဟောင်းကြီးတွေကိုလည်း ပြန်လည်စုစည်းလေ့ကျင့်စေခဲ့ပါတယ်။

Champion Challenge Cup ဆိုတဲ့ ပြိုင်ပွဲကြီးကိုလည်း ကျင်းပခဲ့ပါတယ်။ ဒီပြိုင်ပွဲကနေ အားကစားသမားအဟောင်းတွေရော သွေးသစ်တွေပါ စုစည်းပြီး နိုင်ငံတော်အတွက် အလားအလာရှိတဲ့ကစားသမားတွေကို ရွေးချယ်ခဲ့ပါတယ်။ အဲဒီအထဲကမှ လူအင်အား ၁၀၀၀ ကျော် စုစည်းပြီးတော့ နေပြည်တော်မှာ အားကစားလေ့ကျင့်ရေးစခန်းဖွင့်လှစ်လေ့ကျင့်ခဲ့ပါတယ်။ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းဆိုတာလည်း အခုပြည်သူတွေ တွေ့မြင်ရတဲ့ Game Village လို့ခေါ်တဲ့ အားကစားရွာနေရာ ဖြစ်ပါတယ်။

**မေး။ ။ ဟုတ်ကဲ့ ပြင်ဆင်ဆောင်ရွက်တဲ့အပိုင်းတွေက တော်တော်လေး ပြည့်စုံတာကို တွေ့ရပါတယ်။ အခြားပြင်ဆင်ဆောင်ရွက်တာတွေနဲ့ ပတ်သက်ပြီး ဆက်ပြောပေးပါဦးခင်ဗျာ။**

ဖြေ။ ။ ဆက်ပြောရရင် နိုင်ငံတော်ရဲ့စီမံကိန်းကတော့ Clusterတစ်ခုမှာ အဆောက်အအုံ ၁၀ လုံးပါဝင်ပြီး အဆောက်အအုံတစ်လုံးမှာ အပေါ်ထပ် လေးခန်း၊ အောက်ထပ်လေးခန်း ပါဝင်ပါတယ်။ စုစုပေါင်း အခန်း ရှစ်ခန်းရှိတဲ့အတွက် အဆောက်အအုံ ၁၀ လုံးဆိုရင် အခန်း ၈၀ ပါတယ်။ အဲဒီလို အခန်း ၈၀ ပါဝင်တဲ့ Cluster ၁၀ ခုမှာ အခန်း ၈၀၀ ပါဝင်တဲ့အတွက် တစ်ခန်းကို ခြောက်ဦးနှုန်းနဲ့ လူပေါင်း ၄၈၀၀ ကို တစ်ပြိုင်နက်တည်းနေရာချထားပေးနိုင်ပါတယ်။

ဒီအခန်းတွေအားလုံးကို နိုင်ငံတကာအဆင့်မီအောင် လေအေးပေးစက်များတပ်ဆင်ပေးခြင်း၊ ရုပ်မြင်သံကြားစက်၊ ရေခဲသေတ္တာ၊ ခေတ်မီအိပ်ရာ အိပ်ခင်းတွေ၊ ရေပူရေနွေးစက်တွေ၊ အဝတ်လျှော်စက်တွေ အစရှိသဖြင့် အစစအရာရာ နိုင်ငံတကာအဆင့်မီပစ္စည်းတွေကို ထည့်သွင်းပေးထားတာဖြစ်ပါတယ်။

နိုင်ငံတကာမှာ အားကစားသမားတွေတည်းခိုနေထိုင်ဖို့အတွက် ဘယ်လိုလုပ်ထားသလဲဆိုတာ လိုက်လံလေ့လာကြည့်ရှုပြီးတော့ နိုင်ငံတကာထက် မနိမ့်ကျစေအောင် သေသေချာချာ စီမံခဲ့တာပါ၊ အားကစားသမားတွေအားလုံး အဆင်ပြေလွယ်ကူချောမွေ့စေဖို့ အကောင်းဆုံးစီမံဆောင်ရွက်ထားတာဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်အတွက် လိုအပ်တဲ့ လက်ဝှေ့နဲ့ မွေလက်ဝှေ့အားကစားရုံတွေကိုလည်း တည်ဆောက်ခဲ့ပါတယ်။ နောက်ထပ်ပြီး ဖူဆယ်ဆိုတဲ့ ဘောလုံးအားကစားရုံကိုလည်း တည်ဆောက်ခဲ့သလို မြားပစ်ကွင်းကိုလည်း တည်ဆောက်ခဲ့ပါတယ်။ ဘိလိယက်နဲ့ စနူကာအားကစားရုံကိုလည်း တည်ဆောက်ခဲ့ပါတယ်။ လိုအပ်သမျှ အားကစားကွင်း၊ အားကစားရုံတွေမှာ နိုင်ငံတကာအဆင့်မီ လေ့ကျင့်ရေးပစ္စည်းတွေ တပ်ဆင်ပေးခဲ့ပါတယ်။

**မေး။ ။နည်းပြပိုင်းဆိုင်ရာနဲ့ နိုင်ငံခြားကို စေလွှတ်ပြီး လေ့ကျင့်ခဲ့တဲ့အပိုင်းလေးကိုလည်း သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ။ပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် အားကစားသမားတွေအတွက် နိုင်ငံခြားနည်းပြတွေကို ငှားရမ်းအသုံးပြုခဲ့ပါတယ်။ နိုင်ငံတကာအဆင့်မီ နည်းစနစ်တွေ ပြသပေးနိုင်မယ့် နိုင်ငံခြားသားနည်းပြတွေကို ငှားရမ်းအသုံးပြုခြင်းအားဖြင့် မြန်မာအားကစားသမားတွေအတွက် ပိုမိုကောင်းမွန်တဲ့ အကျိုးတွေ၊ အောင်မြင်မှုတွေရရှိလာနိုင်အောင် ဆောင်ရွက်ခဲ့တာပါ။ အားကစားသမားတွေ ပြိုင်ပွဲအတွေ့အကြုံကောင်းတွေ ရရှိနိုင်စေဖို့ ရည်ရွယ်ပြီး နိုင်ငံခြားကို စေလွှတ်လေ့ကျင့်စေခဲ့ပါတယ်။ ပူးတွဲလေ့ကျင့်မှုတွေအနေနဲ့ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတွေကို စေလွှတ်ပြီး လေ့ကျင့်စေခဲ့ပါတယ်။ ပေ ၅၀၀၀ အထက်မြင့်တဲ့နေရာတွေမှာ သွားရောက်လေ့ကျင့်ခြင်းအားဖြင့် အားကစားသမားတွေရဲ့ သက်လုံကောင်းမှုကို ပိုမိုကောင်းမွန်စေခဲ့ပါတယ်။

ပစ္စည်းကိရိယာတွေ၊ နည်းစနစ်နဲ့ပတ်သက်လို့ နည်းပြပိုင်းဆိုင်ရာတွေအားလုံးကို နိုင်ငံတကာအဆင့်မီ အသုံးပြုခဲ့ပါတယ်။ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌအသီးသီးကလည်း သူတို့ကိုယ်ပိုင်ငွေကြေးတွေ၊ အဖွဲ့ချုပ်ရဲ့ ငွေကြေးတွေကို အသုံးပြုပြီး အကုန်အကျခံလုပ်ခဲ့တဲ့အတွက် ဒီကိစ္စအတွက် ငွေကြေးဘယ်လောက်ကုန်ကျခဲ့တယ်ဆိုတာ ခန့်မှန်းသိရှိနိုင်မှာပါ။ နေထိုင်စရိတ်ကအစ၊ နည်းပြဆရာကြေးအဆုံး အစစအရာရာ နိုင်ငံတော်အပိုင်းကလည်း ဖြည့်ဆည်းပေးသလို ပုဂ္ဂလိကအပိုင်းကလည်း တာဝန်ကိုယ်စီယူဆောင်ရွက်ပေးခဲ့ကြပါတယ်။

သူများနိုင်ငံတွေက လေ့ကျင့်မှုအပိုင်းမှာ ငွေကြေးသုံးစွဲမှုထက် မနိမ့်တဲ့ငွေကြေးသုံးစွဲမှုမျိုးကို ကျွန်တော်တို့ သုံးစွဲခဲ့ပါတယ်။ တချို့နိုင်ငံတွေထက်ကို ပိုမိုတဲ့ ငွေကြေးသုံးစွဲမှုတွေကို ကျွန်တော်တို့ သုံးစွဲခဲ့ပါတယ်။ အားကစားသမားတွေရဲ့ ဇွဲ၊ သတ္တိ၊ နိုင်ငံချစ်စိတ်တွေကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ဒါတွေသက်သက်ရှိရုံနဲ့တော့ ကျွန်တော်တို့ ဒီလောက်အောင်မြင်မှာ မဟုတ်ပါဘူး။ ဒီရွှေတံဆိပ်တွေရမှာ မဟုတ်ဘူး။ ဒီမှာဖော်ပြထားသလို ငါးပိစားပြီး အားကစားပြိုင်ရတယ်ဆိုတာ မဟုတ်ပါဘူး။

ကျွန်တော် အားကစားသမားတွေကို အစဉ်အလေးပြုတယ်။ သူတို့က နိုင်ငံ့ဂုဏ်ဆောင်၊ နိုင်ငံအတွက် သူရဲကောင်းတွေ။ အားလုံးလည်း သူတို့ကို လေးစားမှာပါ။ ဒါပေမယ့်သူတို့ဒီလိုယှဉ်ပြိုင်နိုင်အောင် နိုင်ငံတော်ရဲ့ပံ့ပိုးမှုက အများကြီးပါတယ်ဆိုတာ ကျွန်တော် ဒီနေရာကနေ ရဲရဲကြီးပြောရဲပါတယ်။ ဘယ်သူမဆို လာမေးနိုင်ပါတယ်။ ရွှေတံဆိပ် ၈၆ ခုရခဲ့သလို နိုင်ငံအလိုက် အောင်မြင်မှုရခဲ့တာ အားကစားဝန်ကြီးဌာနတစ်ခုတည်းရဲ့ စွမ်းဆောင်မှုတစ်ခုတည်းတော့ လုံးဝမဟုတ်ဘူး။ အဖွဲ့အစည်းတစ်ခု၊ တစ်ဦးတစ်ယောက်တည်းရဲ့ ကိစ္စလည်းမဟုတ်ပါဘူး။ ပြည်ထောင်စုတစ်ခုလုံးရဲ့ ညီညွတ်မှုကြောင့် ဖြစ်ပေါ်လာရတဲ့ အောင်မြင်မှုလို့ ကျွန်တော် ဆိုချင်ပါတယ်။

**မေး။ ။ စာစောင်တွေမှာ ရေးသားဝေဖန်ချက်တွေနဲ့ ပတ်သက်လို့ ဘာများပြောချင်ပါသလဲ ခင်ဗျာ။**

ဖြေ။ ။ ဒီလိုမျိုးသုံးသပ်ဝေဖန်တဲ့ ကိစ္စနဲ့ပတ်သက်လို့ ပြောချင်တာက ဒါဟာအပြုသဘောဆောင်တဲ့ မှုဒိတာပွားရမယ့်၊ အသိအမှတ်ပြု ဂုဏ်ယူရမယ့်အချိန် ဖြစ်ပါတယ်။ အသိအမှတ်ပြုမယ်ဆိုရင်လည်း ပြုနိုင်ပါတယ်။ ပြစ်တင်ဝေဖန်ဖို့တော့မသင့်ပါဘူး၊ ကျွန်တော်တို့ရှိတဲ့ ခွန်အားနဲ့ အဖြစ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ခဲ့တာပါ။

**မေး။ ။ ဒီလိုရွှေတံဆိပ်တွေရရှိအောင်နဲ့ ပတ်သက်ပြီး အားကစားသမားတွေကို ဘယ်လို စိတ်ဓာတ်တွေ မွေးမြူပေးခဲ့တယ်၊ ထိန်းသိမ်းခဲ့တယ်ဆိုတာလေးလည်း သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ။ကျွန်တော်တို့အနေနဲ့ ယှဉ်ပြိုင်ရာမှာ ဖြတ်လမ်းနည်း၊ မသမာတဲ့နည်းလမ်းတွေ လုံးဝမသုံးခဲ့သလို ပြိုင်ပွဲဝင်မယ့် အားကစားသမားတွေကိုလည်း အားကစားစိတ်ဓာတ်ရှိရှိယှဉ်ပြိုင်ဖို့၊ ပရိသတ်ကို အရိုအသေပေးဖို့ အမြဲတမ်းမှာကြားခဲ့ပါတယ်။ ဒိုင်ကို စောဒကတက် ငြင်းခုံခြင်းမပြုဖို့ အထိတောင် ကျွန်တော်တို့မှာကြားထားပါတယ်။

အားကစားကွင်းထဲမှာ မလိုလားအပ်တဲ့ ကိစ္စတွေ မဖြစ်အောင် ဆောင်ရွက်ခဲ့သလို စနစ်တကျ ယှဉ်ပြိုင်အားပေးတတ်ဖို့ကိုလည်း မှာကြားခဲ့ပါတယ်။ မည်သည့်ဆုတံဆိပ်ကို ရရှိသည်ဖြစ်စေ၊ မည်သည့်နိုင်ငံ၏ အလံကိုဖြစ်စေ လေးစားစွာအလေးပြုတတ်ဖို့ကအစ မှာကြားထားခဲ့ပါတယ်။

**မေး။ ။အားကစားနည်း ထည့်သွင်းရွေးချယ်တာနဲ့ ပတ်သက်ပြီး ဗဟုသုတအနေနဲ့ သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ။ပြေးခုန်ပစ်နဲ့ ရေကူးပြိုင်ပွဲတွေမှာ ရွှေတံဆိပ် ၈၈ ခုရှိပါတယ်။ မထည့်မနေရပေါ့။ ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲတွေမှာ မထည့်မနေရအားကစား ၂၈ မျိုးရှိပါတယ်။ ၁၄ မျိုးထက်မနည်း မထည့်မနေရ လုပ်ပေးရပါတယ်။ ရိုးရာအားကစားနည်းကလည်း ရှစ်ခုထက်မများအောင်ထည့်ပေးရပါတယ်။ ကမ္ဘာမှာမပါတဲ့ဟာတွေ၊ ဥပမာ ဝူရှူးအားကစားပေါ့၊ အာရှမှာပါတဲ့အတွက်ကြောင့် ကျွန်တော်တို့ ထည့်ထားပါတယ်။

ဒီစည်းမျဉ်းတွေနဲ့အညီ Sport and Rule ကော်မတီမှာ အိမ်ရှင်ကိုယ်စားလှယ်က အဆိုပြုရပါတယ်။ အခြားနိုင်ငံတွေက အတည်ပြုပေးပါတယ်။ နိုင်ငံတွေအားလုံးက အိုလံပစ်ကောင်စီလူကြီးတွေအပါအဝင် တာဝန်ရှိသူတွေက အတည်ပြုပေးတဲ့အခါ ဆုံးဖြတ်ပေးလိုက်တာပဲ။ ဒါက မြန်မာနိုင်ငံက သူနိုင်မယ့်အားကစားကို ထည့်သွင်းယှဉ်ပြိုင်တယ်။ ညစ်တယ်လို့ ဘယ်သူပြောမလဲ။ ဒါဟာမျှတတဲ့ ကစားနည်းပါ။ စည်းမျဉ်းအတိုင်း ထည့်သွင်းထားတဲ့ အားကစားနည်းဖြစ်ပါတယ်။

**မေး။ ။ဆုများများရရှိဖို့ ဆောင်ရွက်ခဲ့တဲ့ နည်းဗျူဟာတွေနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ ။ဆုများများရရှိဖို့ ကျွန်တော်တို့နည်းဗျူဟာတွေ ချထားခဲ့ရတယ်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# ပုဂံခေတ်၏ ဂုဏ်ကျေးဇူး

**တက္ကသိုလ်တင်ခ**

ရှေးမြန်မာလူမျိုးများအတွက် အထင်ကရနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်စေရန် ကြိုးပမ်းခဲ့ကြခြင်းသည် မြန်မာနိုင်ငံသားမှန်သမျှ ပုဂံခေတ်၏ တင်ရှိသောကျေးဇူးရပ်များကို လေးစားစွာ မှတ်တမ်းတင် ဂုဏ်ပြုရမည် ဖြစ်ပေသည်။

နိုင်ငံတစ်ခုကို တည်ထောင်ရန်နှင့် လွတ်လပ်ရေးရယူရန်ထက် နိုင်ငံပြိုကွဲယိုင်လဲမည့်အရေးကို ကာကွယ်ရန်နှင့် လွတ်လပ်ရေးကို ခိုင်မာတည်တံ့ရန် အရေးတွင် စည်းလုံးညီညွတ်ရေးသည် အဓိကဖြစ်ကြောင်း အတန်တန်သာဓကပြခဲ့၍ မြန်မာတို့ဂုဏ်ရည်ကို ဆယ်ခဲ့သည့်ကျေးဇူးတရားသည် အထူးထင်ရှားမှတ်သားထိုက်ပေသည်။

ပုဂံမင်းတို့သည် တိုင်းကြီးပြည်ကြီးရှင်ဟူ၍လည်းကောင်း၊ ပုဂံသားတို့သည် တိုင်းကြီးပြည်ကြီးသားဟူ၍လည်းကောင်း အိမ်နီးချင်းနိုင်ငံကြီးငယ်တို့၏ လေးစားခန့်ညားစွာ အသိအမှတ်ပြုခြင်းခံရစေရန် ကြိုးပမ်းကြသည့် ကျေးဇူးများသည် ထင်ရှားလှပေသည်။

ကမ္ဘာ့စံချိန်မီသော ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးသည့် ကျေးဇူးတရားကို အမှတ်တရဖော်ပြလိုပေသည်။

လူမှုအဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးရေးတွင် လယ်ယာမြေလုပ်ငန်းကို လွန်စွာဂရုစိုက်ပြုခဲ့ခြင်းဖြင့် လယ်ယာမြေကို အားထားရာနိုင်ငံဟူ၍ဖြစ်ထွန်းနိုင်ခဲ့ပေသည်။

ဘာသာရေးရာတွင် ယနေ့ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံများတွင် ရှေ့ဆောင်နိုင်ငံတစ်ခုဖြစ်လာရခြင်း၊ ဘာသာတရားကိုင်းရှိုင်း၍ ကြည်ညိုသဒ္ဓါပြင်းပြမှုကြောင့် အကောင်းဆုံးသော ပညာရပ်များဖြင့် ပူဇော်လိုသောဆန္ဒကြောင့် စာပေ၊ ဗိသုကာ စသည့်အနုပညာရပ်များ ပေါ်ပေါက်လာခြင်းအကြောင်းအရင်း ဖြစ်ပေသည်။

အဘိဓမ္မာတရားကို အခြေခံ၍ရသော တွေးခေါ်မှုများဖြင့် စာပေကို ပြုစုခြင်း၊ အနော်ရထာ၊ ကျန်စစ်မင်း၊ ပဉ္စမစည်သူတို့ကို အားပေးချီးမြှင့်နေသည့် ကြားမှပင် မြန်မာစာပေဟူ၍ သီးသီးသန့်သန့်ပေါ်ပေါက်ရန်ကြိုးစားအားထုတ်ခဲ့ကြသည်ကို လေ့လာတွေ့ရှိရပေသည်။

ဗိသုကာပညာရပ်တွင် ပျူနှင့်မွန်တို့ထံမှ နည်းခံယူရုံနှင့် ရောင့်ရဲနေမှုမှသည် မြန်မာ့လက်ရာ၊ မြန်မာ့မူဟန်ဟူ၍ ပေါ်ပေါက်ကြိုးစားခြင်းဖန်တီးနိုင်ခဲ့ပေသည်။

ဓလေ့ထုံးတမ်းအစဉ်အလာတွင် တိပိဋကတ်တော်၏ ဆုံးမညွှန်ကြားချက်ကို နာယူလိုက်နာခြင်းဖြင့် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းများဟူသော သိမ်မွေ့နူးညံ့သည့် အမူအကျင့်တို့ကို စတင်ပျိုးထောင်နိုင်ခဲ့သည်။

အုပ်ချုပ်ရေးပိုင်းတွင် အုပ်ချုပ်သူမင်း၌ အကြွင်းမဲ့အာဏာကို ရရှိသော်လည်း အများယူဆသကဲ့သို့ ဆိုးရွားပြင်းထန်ခြင်းမရှိ၊ အတိုင်ပင်ခံများထားရှိခြင်း၊ ရာထူးဌာနန္တရကြီးငယ်ခွဲခြားထားခြင်း၊ ရှေးမင်း(နိပါတ်လာအတိုင်း)တို့၏ ကျင့်သုံးသည့်စနစ်ကို ပြန်လည်သုံးသပ်ခြင်း စသည်ဖြင့် စနစ်တကျဖြင့် လေးစားအပ်သော အုပ်ချုပ်ရေးရှိခြင်းသည် ပုဂံခေတ်ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်ပေသည်။

**ဇွဲသတ္တိနှင့် ဇာတိမာန်။** ။မြန်မာဟူသော ဝေါဟာရနှင့်လိုက်လျောညီစေရန် မရမနေ ကြိုးစားခြင်း၊ တိုင်းတစ်ပါးတို့၏ယဉ်ကျေးမှုအဆီအနှစ်ကိုထုတ်၍ မြန်မာမူဟန်ဖြစ်ရန် ပြုလုပ်သော်လည်း တိုင်းတစ်ပါးသားတို့လက်အောက်သို့ ကျရောက်ခြင်း မရှိလိုသည့် ဇာတိမာန်ထက်သန်စေခဲ့သည်။

**တိုးတက်မှုကိုရှာခြင်း။** ။ရှေးမင်းများဓလေ့ကိုမပျက်စေရန် လိုက်နာလေ့ရှိသော်လည်း အစွမ်းထက်သောပုဂံသားများသည် တိုးတက်မှုကို ရှာကြံခြင်း၊ အနိရုဒ္ဓ၊ ထီးလှိုင်၊ ပဉ္စမစည်သူ၊ ဒုတိယစည်သူ နိုင်ငံရေး၊ အုပ်ချုပ်ရေးအပါအဝင် ဘာသာရေး၊ အမျိုးသားရေး နှောင်းမင်းများလက်ထက် နိုင်ငံရေးညှံ့ဖျင်းသော်လည်း ဘာသာရေးစာပေတို့တွင် ပိုမိုတိုးတက်၍ ဗိသုကာ၊ အမျိုးသားဇာတိမာန်တို့တွင်ကျဆုံးခြင်းမရှိ၊ တိုးတက်မှုရှာကြံရာတွင် မင်းသာမက ပြည်သူပြည်သားများ၊ ပညာရှင်များ၊ သံဃာများစုစည်းပါဝင်ကြသည်ကို လေ့လာပါက တွေ့လာရမည်ဖြစ်ပါသည်။

အာရှအရှေ့တောင်ပိုင်းနိုင်ငံများတွင် ပုဂံခေတ်အခါမှစ၍ ယနေ့တိုင်အရေးပါသော နိုင်ငံတစ်ခုဖြစ်ခဲ့ရခြင်း(သီဟိုဠ်၊ ခမာနှင့်ဆက်သွယ်ခြင်း၊ လာအို၊ ခမာတို့ကခန့်ညားခြင်း)အကြောင်းအရင်းများသည် ခိုင်လုံသော သက်သေများပင် ဖြစ်ပေသည်။

**စိတ်ဓာတ်။** ။မျိုးချစ်စိတ်ဓာတ်ကိုဖြစ်ပေါ်စေလိုသော ဆန္ဒစိတ်ဓာတ် အရင်းခံရှိခြင်း၊ မင်းစည်းစိမ်ထက် မြန်မာနိုင်ငံသားအားလုံးအရေးကို ဦးစားပေးဆောင်ရွက်သည့် ကျေးဇူးများ၊ ပုဂံနောက်ပိုင်းတွင် မင်းတို့တန်ခိုးမှေးမှိန်သော်လည်း အမျိုးဇာတိမာန်ညှိုးမှိန်ခြင်းမရှိ၊ မြန်မာခေါင်းဆောင်မှုစွမ်းရည် အမှတ်တရသမိုင်းတင်ခဲ့ပေသည်။

အနော်ရထာမင်းမှစ၍ မြန်မာနိုင်ငံသမိုင်းစတင်ပေါ်ထွန်းခဲ့ပေသည်။ ပုဂံမင်းတို့သည် သက်ဦးဆံပိုင်စနစ်ဖြင့် အုပ်ချုပ်ခဲ့ကြသည်။ ရေမြေသခင် ဘုရားလောင်းဟူ၍ ကျောက်စာများရှိ ဘုရင်ကိုခေါ်ဝေါ်၍ ထိုခေတ်ဘုရင်ကို အထူးပင်လေးစားကြောင်း သိရပါသည်။ သက်ဦးဆံပိုင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သော်လည်း အချို့ဘုရင်များမှာ ပညာရှိမှူးမတ်များ၏ အကြံဉာဏ်ယူ၍ အုပ်ချုပ်ခဲ့ပေသည်။ ပုဂံကျောက်စာများအရ ကလန်သံပျင်စသည်ဖြင့်ပါရှိရာ ယင်းတို့မြေယာတိုင်းသူများဖြစ်၍ ရွာများကိုအုပ်ချုပ်ကြောင်း သိရှိပေသည်။

ယခုခေတ်ဝန်ကြီးများဟုခေါ်၍ နိုင်ငံရေးနယ်ပယ်တွင် ထင်ရှားသော အခေါ်အဝေါ်မှာ နားတောင်းများလက်ထက်က(နောင်တော်များသည်)ဘုရင်အား အထူးကူညီ၍(ဝန်)ဟုခေါ်ခဲ့ပေသည်။ ထိုခေတ်တွင် အမှုထမ်းကောင်းများအား ရဲဆုပေးရာ ယခုခေတ် သတိုးမဟာ၊ သီရိပျံချီ၊ ဝဏ္ဏကျော်ထင်ဟူသော ဘွဲ့တို့မှာ ပုဂံခေတ်ကြေးမုံမှ အတုယူချီးမြှင့်သော ရာထူးဖြစ်ပေသည်။ ကျစွာမင်းကြီးလက်ထက်တွင် မနုရာဇာအား ဘုရင်ခံနှင့် ကိုယ်ရံတော်တပ်မှူးခန့်ပုံကို ထောက်၍ ထိုခေတ်အုပ်ချုပ်ရေးမှာ အထူးအဆင့်အတန်းမြင့်၍ ယနေ့မြန်မာနိုင်ငံတော်အုပ်ချုပ်ရေးတွင် အရိပ်ပမာ အထောက်အကူပြုခဲ့ပေသည်။

**အမျိုးသားယဉ်ကျေးမှုဗိသုကာအနုပညာအဖြာဖြာ**

ယဉ်ကျေးမှုဆိုင်ရာအကအခုန်၊ တီးမှုတ်ဖွယ်ရာတူရိယာတို့သည် ပုဂံခေတ်အခါကပင်ပေါ်ထွန်းခဲ့ကြောင်းကို ယခုလက်ရှိဘုရားများအတွင်း ယိုးဒယားကဟန်၊ မွန်ဟန်မူ၊ ကုလားတို့အလေ့တို့လည်း ပါဝင်ခဲ့ပေသည်။ ညှင်း၊ ပတ်သာ၊ စည်၊ နှဲတို့သည် ပုဂံခေတ်ကပင်ပေါ်ခဲ့ပြီး ယခုခေတ်တွင် အတုယူနည်းမှီပြုရန် ဖန်တီးပေးခဲ့ပေသည်။ ပထမမြန်မာနိုင်ငံတော်ဖြစ်သော ပုဂံနေပြည်တော်သည် ကျပ်၊ မူး၊ ပဲ၊ တင်း၊ ခွဲ၊ စိတ်၊ ပြည်စသည်တို့ကို တစ်ညီတည်းဖြစ်စေခဲ့၍ ယနေ့မြန်မာနိုင်ငံ၌လည်း နိုင်ငံတော်ပြုစုစီမံရာ၌ များစွာပင် အသုံးဝင်လှပေသည်။

ပုဂံနေပြည်တော်တွင် လယ်ယာဆည်မြောင်းများပြုလုပ်စိုက်ပျိုးမှုကို ကျောက်ဆည်ခရိုင်၊ လယ်တွင်း ၁၁ ခရိုင်နှင့် မင်းဘူးခြောက်ခရိုင်တို့၌ အစပျိုးခဲ့ပါသဖြင့် ယနေ့မြန်မာလူထု၏ စားဝတ်နေရေးကို များစွာပင် အထောက်အကူပြုခဲ့ပါသဖြင့် ပုဂံခေတ်၏ဂုဏ်ကျေးဇူးများသည် တစ်မူထူးခြားပေါ်လွင်နေပေသည်။ ပုဂံခေတ်ဆံထုံး ထုံးနည်း ၅၅ မျိုးသည် မြန်မာ့ယဉ်ကျေးမှုကို ထွန်းပြောင်စေပါသည်။ ထိုမှတစ်ဆင့် လူတို့စားဝတ်နေရေးအဆင့်အတန်းမြင့်၍ ကွင်းစွပ်အိတ်ရှုံ့များကို ထဘီအဖြစ်မှ နရသူမင်းလက်ထက်တွင် ရင်ခွဲထဘီများဝတ်ဆင်လာကြပေသည်။ အထည်ရက်လုပ်မှုကိုလည်း အမွေပေးခဲ့ပေသည်။

မြန်မာနိုင်ငံတော်၏ ယဉ်ကျေးမှု၊ စီးပွားရေး၊ စာပေပညာနှင့်နိုင်ငံရေးအတွက် အိန္ဒိယပြည် မဇ္ဈိမဒေသ သီဟိုဠ်ကျွန်း၊ ယိုးဒယား၊ တရုတ်ပြည်၊ မလေးကျွန်းဆွယ်တို့နှင့် ဆက်ဆံမှုကောင်းမွန်ခဲ့ပေသည်။ ရေကြောင်းတွင် အာရပ်၊ အိန္ဒိယ၊ ဂျာဗားကျွန်းတို့မှပြုလုပ်သော သင်္ဘောများကိုအသုံးပြုခဲ့၍ ရေကြောင်းအတတ်ကိုအခြေပြုမြှင့်တင်ခဲ့သည်ဟု ခေါ်ဆိုနိုင်ပေသည်။ ရေမြင့်မှကြာတင့်ဟူသကဲ့သို့ လူမျိုးမြင့်မှ စာပေမြင့်သည်။ ယနေ့မြန်မာနိုင်ငံတော်၏စာပေဗိမာန်ကြီးသည် ပုဂံခေတ်အနော်ရထာမင်း ဆောင်ရွက်ကြိုးပမ်းခဲ့၍ ထွန်းပြောင်ခဲ့ပေသည်။ ပုဂံခေတ်အခါက နှောင်းလူတို့အစဉ်အမြဲသတိရနေစေရန် မွန်၊ မြန်မာ၊ ပါဠိ၊ သက္ကတစကားများကိုသင့်လျော်သလိုတီထွင်ဖန်တီးရေးသားခဲ့ပေသည်။ မြန်မာသမိုင်းတွင်စေရန် ပေစာဖြင့်တစ်မျိုး၊ ကျောက်ထက်အက္ခရာတင်၍တစ်သွယ် မြန်မာမှုပြုခဲ့ကြပေသည်။ ပုဂံခေတ်အခါက ကဗျာလင်္ကာရေးသားမှုရှိကြောင်း ကျောက်စာများအရသိရှိရပါသည်။ သက္ကရာဇ်(၄၇၄)တွင် ကျန်စစ်မင်း၏သားတော် ရာဇကုမာရ်၏မြစေတီကျောက်စာသည် ပျူ၊ ပါဠိ၊ မွန်၊ မြန်မာ လေးမျိုး ထိုးထားသည်။ ပုဂံခေတ်အမှုထမ်းများအား မင်းချင်း၊ မင်းစေ၊ စာမြောင်၊ စာချီဗိုလ်ဟူ၍အလုပ်ရာထူးလိုက်၍ ခေါ်ခဲ့ပေသည်။ ကျောက်စာများ၌ တြာသူကြီးဟုပါ၍ ဓမ္မသတ်တရားစီရင်ရသူများဖြစ်ပေသည်။

ကလန်သံပျင်ရာထူးသာမက အမျိုးသမီးတရားသူကြီးရှိကြောင်းသိရ၍ ပုဂံခေတ်မှာ အံ့ဩဖွယ်ကောင်းလှပေသည်။

**ပုဂံခေတ်၏ ထူးခြားမှတ်သားအတုယူစရာများ**

ပုဂံခေတ်ဓလေ့ထုံးဥပဒေကို အမွေခံမှီငြမ်းသည်ဖြစ်ရာ ပုဂံခေတ်၏ ဂုဏ်ကျေးဇူးသည် အထူးကြီးမားပါပေသည်။ ကျစွာမင်းလက်ထက် အမုန္ဒွန်စာဟုတွေ့၍ ထိုခေတ်ရာဇဝတ်ကျင့်ထုံးရှိခဲ့မည်ဟု ယုံကြည်ပေသည်။

နားတောင်းများမင်းလက်ထက် မင်းနှင့်ဝန်ကြီးများ တိုင်းပြည်ရေးရာစီရင်မှုပြုရာအဆောက်အအုံကို ပုဂံခေတ်တွင် ကွန်းအမည်ဖြင့် ညီလာခံရာခန်းမဆောင်များကို မှတ်သားလေ့လာနိုင်ပေသည်။

ပုဂံခေတ်၏ ဂုဏ်ကျေးဇူးသည် ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးအဆောက်အအုံပေါ်မှာ များစွာအကျိုးသက်ရောက်သည်။ အနော်ရထာမင်းလက်ထက် ကောင်းစင်ခေါ် ဇန်းမော်အနောက်ဘက်ကမ်း၌ မြောက်ပိုင်းဌာနချုပ်လုပ်၍ ဘုရင်ခံခန့်ထားခဲ့ပေသည်။ မြို့များလည်း တည်ထားခဲ့ပေသေးရာ မြန်မာနိုင်ငံတည်တံ့စည်းရုံးရေးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပေသည်။ ဓမ္မသတ်ဝေါဟာရကို ၁၂၄၉ ခုနှစ်တွင် တွေ့ရှိရ၍ အတုယူနိုင်ခဲ့ပေသည်။ ယခုခေတ်မှာကဲ့သို့ အတွင်းဝန်နှင့် စာရေးများထားသည်။ နိုင်ငံအုပ်ချုပ်ရေးလွယ်ကူရန် အဝေးမြို့ဝန်များထံ အမိန့်မှာများကို မြင်းစီးအမှုထမ်းများက ပို့ရပါသည်။ ဤအချက်ကိုထောက်ရှုသဖြင့် ပုဂံမင်းတို့သည် ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ဖြစ်မြောက်ရေးကို အကျိုးပြုခဲ့ပေသည်။ ပုဂံမင်းနှင့်တကွ ပြည်သူတို့၏ ဇွဲ၊ ဝီရိယဖြင့် တည်ဆောက်ခဲ့သော စေတီပုထိုး၊ ကျောင်းကန်အဆောက်အအုံတို့သည် နှောင်းခေတ်မြန်မာလူမျိုးတို့အား ဗိသုကာအတတ်ပန်းချီ၊ ပန်းပုပညာတို့ကို အဖိုးမဖြတ်နိုင်သော အမွေအနှစ်ကိုပေးခဲ့သဖြင့် ဂုဏ်ကျေးဇူးမှာ ဆပ်၍မျှပင် ကုန်နိုင်စရာမရှိပေ။

စာမျက်နှာ ၁၀ သို့ ❖

နိုင်ငံတစ်ခုကို တည်ထောင်ရန်နှင့် လွတ်လပ်ရေးရယူရန်ထက် နိုင်ငံပြိုကွဲယိုင်လဲမည့်အရေးကို ကာကွယ်ရန်နှင့် လွတ်လပ်ရေးကို ခိုင်မာတည်တံ့ရန် အရေးတွင် စည်းလုံးညီညွတ်ရေးသည် အဓိကဖြစ်ကြောင်း အတန်တန်သာဓကပြခဲ့၍ မြန်မာတို့ဂုဏ်ရည်ကို ဆယ်ခဲ့သည့်ကျေးဇူးတရားသည် အထူးထင်ရှားမှတ်သားထိုက်ပေသည်

## ပညာရေးစီမံခန့်ခွဲမှုစွမ်းရည်မြှင့်မားရေးလုပ်ငန်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးစီမံခန့်ခွဲမှုစွမ်းရည်မြှင့်မားရေးလုပ်ငန်း ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က ယခုလုပ်ငန်းဆွေးနွေးပွဲကို ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ပညာရေးဝန်ထမ်းများနှင့် ရင်းနှီးကျွမ်းဝင်စေရန်၊ ပညာရေးစီမံခန့်ခွဲမှုအရည်အသွေးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အလားတူဆွေးနွေးပွဲများကို ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင်လည်း ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများရည်မှန်းချက်ပြည့်မီရေး၊ စီမံခန့်ခွဲရေး၊ ခေါင်းဆောင်မှုအတတ်ပညာ၊ စာရင်းအင်းနှင့် ဘဏ္ဍာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ရေးဆွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားမှုအပေါ် အသိအမှတ်ပြုဂုဏ်ပြုရေးဆိုင်ရာတို့ကို ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီပညာရေးဖြစ်ပေါ်လာစေရန်အတွက် အာဆီယံဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာမှ ကျင့်သုံးနေသောစနစ်များ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုကို ပီပီပြင်ပြင်ထိထိရောက်ရောက် ပြုလုပ်နိုင်ရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၄**

ဒီဇင်ဘာအားကစားလ အထိမ်းအမှတ် မီတာ ၁၅၀၀ အပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပွဲကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် မန္တလေးကျောင်းဝင်းအတွင်း၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၆ နာရီက ကျင်းပရာ ပါမောက္ခချုပ်အမှူးပြုသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အရာထမ်း/အမှုထမ်းများ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**(ကြေးမုံ)**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပျဉ်းမနားမြို့နယ်ရှိ အစောင့်အရှောက်ခံအဘွားများအား ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ အဖွဲ့ခွဲခေါင်းဆောင်ဒေါ်သွဲ့သွဲ့ဝင်းနှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ အတွင်းရေးမှူး ဒေါ်ဥမ္မာဆွေ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၉ နာရီတွင် အစောင့်အရှောက်ခံ အဘွား ၁၇ ဦး၏ အိမ်များသို့ အိမ်တိုင်ရာရောက်သွားရောက်၍ အားဆေး၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရှူဆေး၊ လိမ်းဆေးများနှင့် ထောက်ပံ့ငွေအဖြစ် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းလှူဒါန်းပြီး အားပေးစကားများ ပြောကြားသည်။ ယနေ့လှူဒါန်းသည့် တန်ဖိုးငွေကျပ်မှာ စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

☆စာမျက်နှာ ၅ မှ

အသေအချာဇယားချပြီးတော့ကို ဆောင်ရွက်ခဲ့ရတာပါ။ အခြေအနေအမျိုးမျိုးကြောင့်သာ ကျွန်တော်တို့ ရွှေတံဆိပ်ဆု ရရှိမှုနည်းခဲ့တာပါ။ အားကစားသမားတွေလည်း အကောင်းဆုံးကြိုးစားခဲ့သလို နိုင်ငံတော်နဲ့ တာဝန်ရှိသူများအပိုင်းကလည်း အစွမ်းကုန်ပံ့ပိုးကူညီဆောင်ရွက်ခဲ့တာပါ။ ကျွန်တော်တို့အားလုံး သန့်သန့်ရှင်းရှင်းနဲ့ အနိုင်ရဖို့အတွက် ဦးတည်ဆောင်ရွက်ခဲ့ကြပါတယ်။ တကယ်တမ်းကျတော့ မလွယ်ပါဘူး။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ နိုင်ငံ့ဂုဏ်မြင့်မားရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ အားလုံးတက်ညီလက်ညီဆောင်ရွက်ခဲ့လို့သာ အခုလို အောင်မြင်တာပါ။

အခုလို အောင်မြင်အောင်ဝိုင်းဝန်းပါဝင်ဆောင်ရွက်ခဲ့တဲ့ စေတနာရှင်တွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်ရဲ့ကူညီပံ့ပိုးမှုတွေကိုလည်း အသိအမှတ်ပြုသင့်ပါတယ်။ အခုလို မမှန်မကန်သုံးသပ်ဖော်ပြမှုတွေဟာ အင်မတန်ဝမ်းနည်းစရာကောင်းပါတယ်။ ဒီလိုရေးသားဖော်ပြတာတွေ အားလုံးမှားယွင်းနေတယ်ဆိုတာကို ကျွန်တော်က အတိအလင်းပြောကြားလိုပါတယ်။

**မေး။ ။တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကူညီပံ့ပိုးခဲ့တဲ့အပိုင်းနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ ။တရုတ်နိုင်ငံက ဒီအားကစားပြိုင်ပွဲအတွက် အကူအညီ ၅ ရပ်ပေးပါတယ်။ ဒီပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့ ကူညီပံ့ပိုးပါတယ်။ အားကစားသမားတွေ လေ့ကျင့်ပေးဖို့ နည်းပြတွေစေလွှတ်ပေးပါတယ်။ အားကစားသမားတွေကို တရုတ်နိုင်ငံမှာရှိတဲ့ နိုင်ငံတကာ အဆင့်မီအားကစားကွင်းတွေကို ခေါ်ယူလေ့ကျင့်ပေးနိုင်ဖို့ အကုန်အကျခံ ခေါ်ယူပေးပါတယ်။ နောက်ပြီး အားကစားပြိုင်ပွဲမှာအသုံးပြုမယ့် အားကစားပစ္စည်းတွေကို ပံ့ပိုးကူညီပေးပါတယ်။ နောက်ဆုံးတစ်ခုအနေနဲ့ကတော့ နည်းစနစ်ပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်လို့ အများကြီး အကူအညီ ပေးခဲ့ပါတယ်။ အားကစားဆိုင်ရာသတင်းတွေကို ပြည်သူတွေနဲ့တကွ တစ်ကမ္ဘာလုံးကို ချိတ်ဆက် တင်ပြနိုင်စေဖို့အတွက် သတင်းထုတ်ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းတွေမှာလည်း ပံ့ပိုးကူညီပေးခဲ့ပါတယ်။ ဒီကိစ္စ ၅ ရပ်မှာ တရုတ်နိုင်ငံက ယွမ်ငွေ ၂၁၂ သန်းနဲ့ညီမျှတဲ့ငွေကို တရားဝင်ကူညီပေးခဲ့ပါတယ်။ အခြားနိုင်ငံတွေက အားကစားဆိုင်ရာကဏ္ဍတွေမှာ ကူညီခဲ့သလိုမျိုးပါပဲ။

ဒီကူညီပေးတဲ့ ပိုက်ဆံထဲကနေပြီးတော့ ဖွင့်ပွဲ/ပိတ်ပွဲအတွက် အကြမ်းအားဖြင့် တစ်ဝက် ပေါ့။ အမေရိကန်ဒေါ်လာနဲ့တွက်ရင် ၃၆သန်းလောက်ရှိပါတယ်။ ဒီထဲကနေပြီးတော့ ဖွင့်ပွဲ/ ပိတ်ပွဲအတွက်ကော၊ အားကစားလေ့ကျင့်ရေးအတွက် အားကစားပစ္စည်းတွေကိုပါ ညီညီမျှမျှ သုံးစွဲခဲ့ပါတယ်။

**မေး။ ။အားကစားသမားတွေကို နေ့စဉ် ကျွေးမွေးမှုအပိုင်းနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။အားကစားသမားတွေကို နေ့စဉ် ဘူဖေးစနစ်နဲ့ကျွေးမွေးပါတယ်။ အရင်တုန်းကဆို ဒီလိုမျိုး ကျွန်တော်တို့ မလုပ်နိုင်ပါဘူး။ ဟင်းမျိုးစုံကို ကြိုက်သလောက်ယူစားပိုင်ခွင့်ပေးခဲ့ပါတယ်။အားကစားသမားတွေကို လစဉ်ထောက်ပံ့ကြေးအပြင် တားမြစ်ဆေးဝါးတွေမပါဝင်တဲ့ အားဆေးတွေကျွေးခဲ့တယ်။

နောက်တစ်ခါ အသားဓာတ်၊ အဆီဓာတ်စတာတွေကို နိုင်ငံတကာပညာရှင်တွေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ပညာရှင်တွေက စနစ်တကျ တွက်ချက်ကျွေးမွေးခဲ့ပါတယ်။ နောက်ပြီးတော့ အားကစားစိတ်ပညာပိုင်းဆိုင်ရာကနေဆိုရင် အားကစားစိတ်ပညာရှင်တွေနဲ့ တွေ့ဆုံမေးမြန်း အားပေးခဲ့ကြပါတယ်။ Research (အားကစားသုတေသနလုပ်ငန်း) တွေလည်းလုပ်ပါတယ်။

ကျွန်တော်တို့ဒီမှာ အားကစားသမားတွေကို ခန္ဓာကိုယ်ကြံ့ခိုင်ဖို့ Fitness Training ပေးပါတယ်။Fitness Center ကိုဖွင့်ထားပြီး အထဲမှာထည့်ထားတဲ့ အားကစားပစ္စည်းတွေအားလုံးက နိုင်ငံတကာအဆင့်မီ နောက်ဆုံးပေါ် စက်ကိရိယာတွေဖြစ်ပါတယ်။

ပြင်ဆင်ထားတာတွေက အကောင်းဆုံးအနေအထားမှာရှိခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ အားကစားသမားတွေကို အားပေးဂုဏ်ပြုစကားမှာ ပါဝင်ခဲ့သလို အခြေအနေအရ အောင်မြင်မှုချန်ပီယံဆုတံဆိပ်ကို မရရှိခဲ့ပေမယ့် ပါဝင်ခဲ့တဲ့ အားကစားသမားတွေရဲ့မျိုးချစ်စိတ်ဓာတ်၊ အားကစားကိုချစ်တဲ့စိတ်၊ ကြိုးစားတဲ့စိတ်၊ ရဲရင့်တဲ့စိတ်တွေကို သတိအမှတ်ပြုရပါမယ်။

နောက်ပြီးတော့ LO လို့ခေါ်တဲ့ Liaison Officer ၊VO လို့ခေါ်တဲ့ Volunteer Officer၊ WFလို့ ခေါ်တဲ့ Work Forces တွေရဲ့ကဏ္ဍကိုလည်း ဒီနေရာမှာ ထည့်သွင်းပြောပြချင်ပါတယ်။ ဒီအဖွဲ့တွေမပါရင် ဒီပွဲကြီးဟာ မဖြစ်နိုင်ပါဘူး။ နိုင်ငံတကာမှာလည်း အားကစားပြိုင်ပွဲကျင်းပရင် အားကစားသမားတွေကို အုပ်ချုပ်စီမံခန့်ခွဲမယ့်သူတွေပါသလို ခုနကပြောတဲ့ လုပ်အားပေးစေတနာ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍကလည်း အင်မတန်ကြီးမားပါတယ်။

ဒီအားကစားပြိုင်ပွဲမှာ ကျောင်းသူ ကျောင်းသားတွေ၊ လူငယ်တွေရဲ့ အခန်းကဏ္ဍက အရေးကြီးဆုံးအခန်းကဏ္ဍကပါဝင်ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် ဒီကလေးတွေကို မေးကြည့်ဖူးပါတယ်။ အခုလို လာရောက်ကူညီပံ့ပိုးပေးခဲ့ကြတာဟာ ဘာလိုချင်လို့လဲ။ ရွှေလိုချင်လို့လား။ ငွေလိုချင်လို့လားလို့မေးကြည့်တော့ သူတို့က ဘာမှမလိုချင်ပါဘူး။ မြန်မာနိုင်ငံမှာ ဒီအားကစားပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့၊ ဂုဏ်သိက္ခာရှိရှိကျင်းပနိုင်ဖို့နဲ့ အားကစားသမားတွေ တရားမျှတစွာ အောင်မြင်မှုရရှိဖို့အတွက် သူတို့ရဲ့ ကာယ၊ ဉာဏ၊ ဝီရိယ၊ အတွေ့အကြုံ စွမ်းအားအားလုံးကို ပေးဆပ်မယ်ဆိုတဲ့ ခံယူချက်နဲ့ လာခဲ့ကြတာပါတဲ့။ ဒီကလေးတွေကို အင်မတန် အသိအမှတ်ပြုပါတယ်။

ဒါပေမယ့် မလိုလားအပ်တဲ့ကြားလူတွေကနေပြီးတော့ ဒီကလေးတွေကို ရက်လွန် ခေါက်ဆွဲခြောက်တွေနဲ့ကျွေးတယ်၊ တယ်လီဖုန်းထုတ်ပေးပြီးတော့ တယ်လီဖုန်းငွေဖြည့်ကတ်ကျတော့ မပေးဘူး၊ တစ်နေ့ငွေလေး ၄၀၀၀ နဲ့ ဘယ်လိုလုပ်စားလို့ရမှာလဲဆိုတဲ့ အဖျက်အမှောင့် သဘောမျိုးနဲ့ပြောတာမျိုးတွေလည်းတွေ့ရပါတယ်။မနေ့ကဆိုရင် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ကနေပြီးတော့ လုပ်အားပေးတွေရဲ့ ပါဝင်ခဲ့တဲ့အခန်းကဏ္ဍကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုညစာစားပွဲကြီးလုပ်ပေးခဲ့ပါတယ်။အင်မတန်မှ ဂုဏ်ယူစရာ၊ ကြည်နူးစရာကောင်းပါတယ်။

ဒီကလေးတွေကိုယ်တိုင်လည်း တစ်ရာမှာ ကိုးဆယ့်ကိုးယောက်က ဒီစကားပဲပြောပါတယ်။ဒါတွေကအဖြစ်မှန်တွေပါ။ လုပ်အားပေးလာတဲ့ကလေးတွေ စားရေးသောက်ရေးကအစ အဆင်ပြေလွယ်ကူချောမွေ့စေဖို့ ဂရုတစိုက်စောင့်ရှောက်ပေးခဲ့ပါတယ်။ လိုအပ်ချက်၊ အားနည်းချက်ကတော့ အနည်းနဲ့အများဆိုသလို ရှိကောင်းရှိမှာပါ။ ဒါတွေအားလုံးက မူလပထမတည်းက အားလုံးရဲ့ ခံယူချက်ပေါ်မူတည်ပြီးတော့ နားလည်ကြမယ်လို့ ထင်မြင်မိပါတယ်။ တိတိကျကျမသိဘဲ ဘေးအမြင်နဲ့ ရမ်းသမ်းစွပ်စွဲတော့ အထင်အမြင်လွဲမှားမှာ စိုးရိမ်မိပါတယ်။”

အခုလို စိတ်ရှည်လက်ရှည် ရှင်းပြပေးတဲ့အတွက် ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

# လက်တွေ့ကျသောပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

နေပြည်တော်တွင် အောက်တိုဘာလ ၇ ရက်က ကျင်းပခဲ့သည့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု ညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရအဖွဲ့ရုံးမှ အောက်တိုဘာ ၁၈ ရက်တွင် သမ္မတရုံးဝန်ကြီးဌာန (၅) ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်သော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီကို အဖွဲ့ဝင် ၂၆ ဦးဖြင့် လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌနှင့် ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်သော အထူးလုပ်ငန်းအဖွဲ့ (Task Force)ကို အဖွဲ့ဝင် ၄၃ ဦးဖြင့်လည်းကောင်း၊ ပညာရှင်ကြီး ၃၄ ဦးပါဝင်သော အကြံပေးအဖွဲ့ (Advisory Board) ကိုလည်းကောင်း ဖွဲ့စည်းပေးခဲ့သည်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီက ဖွဲ့စည်းပေးခဲ့သော လုပ်ငန်းအဖွဲ့ (Working Group) ၁၈ ဖွဲ့သည် စိန်ရတုခန်းမတွင် ရုံးခန်း ၁၈ ခန်းဖွင့်လှစ်လျက် နေ့စဉ်ညှိနှိုင်းကာ ပညာရေးဆိုင်ရာမူဝါဒများ ရေးဆွဲခဲ့သည်။

အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့၊ လုပ်ငန်းအဖွဲ့များသည် အကြိမ်ကြိမ် တွေ့ဆုံညှိနှိုင်းခဲ့ပြီးနောက် နေပြည်တော် ပညာရေးဝန်ကြီးဌာန၌ ဒီဇင်ဘာ ၁၆ ရက်တွင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဝန်ကြီးဌာန ၁၂ ခုရှိ တက္ကသိုလ်၊ ကောလိပ် ၁၆၈ ခု၏ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများကို လည်းကောင်း ဖိတ်ကြား၍ ရေးဆွဲထားသော ပညာရေးဆိုင်ရာမူဝါဒများကို ဆွေးနွေးကာ အကြံဉာဏ်များရယူခဲ့သည်။ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများကလည်း သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များတွင် ဆရာ၊ ဆရာမများအား ပညာရေးမူဝါဒများကို ပြန်လည်ရှင်းလင်းဆွေးနွေးကာ အကြံဉာဏ်များ ရယူဆွေးနွေးခဲ့သည်။

ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ တက္ကသိုလ် စိန်ရတုခန်းမ၌ ပညာရေးနှင့် ဆက်စပ်သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ (Stakeholders)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၉၃ ဦး အပါအဝင် အထူးလုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ စုစုပေါင်း ၁၆၁ ဦး တက်ရောက်သော လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် လုပ်ငန်းအဖွဲ့ (Working Group)များက ရေးဆွဲထားသော မူကြိုပညာရေးဆိုင်ရာမူဝါဒ၊ အဆင့်မြင့်ပညာရေးဆိုင်ရာ မူဝါဒ၊ တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့စည်းရန် နည်းလမ်းများ၊ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ မူဝါဒ၊ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များဆိုင်ရာ မူဝါဒများကို တင်ပြကာ တက်ရောက်သူများ၏ အကြံပြုချက်များကို ရယူသည်။ ရယူခဲ့သော အကြံဉာဏ်များကို အခြေခံလျက် ညှိနှိုင်းပြင်ဆင်ရေးဆွဲထားသော ပညာရေးမူဝါဒများကို ရုပ်မြင်သံကြားစကားဝိုင်းဆွေးနွေးပွဲများ၊ သတင်းစာများမှ ပြည်သူသို့ အသိပေးတင်ပြကာ ပြည်သူများ၏ အကြံပြုချက်များကို ဖိတ်ခေါ်ရယူသွားမည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများ၊ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပကာ ပညာရေးနှင့်ဆက်စပ်သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်း (Stakeholders)များနှင့် ပြည်သူတို့၏ အကြံပြုချက်များကို ရယူပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မော်တော်ကားတာယာများတင်သွင်းမှုအတွက် သွင်းကုန်လိုင်စင်ပြန်လည်လျှောက်ထားနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃) နှင့် အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၃)တို့ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ အစိုးရဝန်ကြီးဌာနများအား ပို့ကုန်ပစ္စည်း ၁၅၂ မျိုး၊ သွင်းကုန်ပစ္စည်း ၁၆၆ မျိုးတို့အား ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်မလိုကြောင်း ပစ္စည်းအမည်များဖြင့် ထုတ်ပြန်ခဲ့ပြီး ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူရှင်းလင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် သွင်းကုန်ပစ္စည်း ၁၆၆ မျိုးအပေါ် H.S Code အနေဖြင့်ခွဲခြား၍ လိုင်းပေါင်း ၁၉၂၈ လိုင်းကို အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃) ဖြင့် ၉-၉-၂၀၁၃ ရက်နေ့တွင် ထပ်မံအသိပေးထုတ်ပြန်ခဲ့ကြောင်း။

အဆိုပါ အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃)တွင် ဤအမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ ပြည့်မြောက်ပြီးပါက သွင်းကုန်လိုင်စင်ရယူရန်မလိုသော H.S Code 40111000 နှင့် 40112010 ဖြင့် ခွင့်ပြုလျက်ရှိသော မော်တော်ကားတာယာများအား သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြပါရှိပြီးဖြစ်ကြောင်း။

အဆိုပါရက်ပေါင်း ၉၀ ပြည့်မြောက်သည့် ၇-၁၂-၂၀၁၃ ရက်နေ့နောက်ပိုင်းမှစ၍ မော်တော်ကားတာယာများအား သွင်းကုန်လိုင်စင်ပြန်လည်လျှောက်ထားရမည်ဖြစ်ပါကြောင်းနှင့် ယခင်သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသည့် H.S Code လိုင်းပေါင်း ၁၉၂၈ လိုင်းအစား ၁၉၂၆ လိုင်းဖြင့်သာ ဆောင်ရွက်သွားရန်ဖြစ်သည်ဟု **ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက** အသိပေးထားကြောင်း သိရသည်။ **(ကြေးမုံ)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)
(၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈)ရက်၊ ဥပုသ်နေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၁၀ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း |
| ၆း၃၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၇း၃၀ | မြန်မာစာ၊ မြန်မာစကား |
| ၁၀း၁၅ | “ဆိုလိုက်ကြစို့” |
| ၁၁း၀၀ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၁၂း၃၀ | “ခရစ္စမတ်ရောက်ပြီ” |
| ၂း၃၀ | “အတီးပြိုင်ပွဲ” |
| ၄း၃၅ | အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြားသင်ခန်းစာပို့ချချက် - ဒုတိယနှစ်(မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ) |
| ၄း၅၀ | ဂီတမဟာပျော်စရာ“စွယ်တော်” |
| ၆း၃၀ | ရွှေရင်ခုန်သံ |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း |
| ၈း၄၅ | ကြယ်ပွင့်များရဲ့ အထင်ကရတေးများ - သုခုမရင်ခွင်အငြိမ့်သဘင် “ရွှေစတား ညီငယ်များအငြိမ့်အဖွဲ့” (မင်းသမီး- ဝမ်းကေဇင်၊ လူရွှင်တော်- ဒွဲဒိုး၊ လန်ဒန်၊ အောင်ချစ်၊ လှိုင်ဘွား) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |



# ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် လူစီးတွဲ ခြောက်တွဲပါ တွဲဆိုင်းအသစ်နှင့် အထူးရထားတစ်စင်း တိုးချဲ့ပြေးဆွဲမည်

**နေပြည်တော်  ဒီဇင်ဘာ  ၂၄**

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် ရန်ကုန်မြို့နေ ခရီးသွားလုပ်သားပြည်သူများ အဆင်ပြေစေရေးအတွက် RBE Air Con ရထားအပါအဝင် တွဲဆိုင်း ၂၂ ဆိုင်းအသုံးပြု၍ နေ့စဉ်ရထားအစင်းရေ ၂၀၈ စင်းပြေးဆွဲပေးလျက်ရှိရာ မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံမှ တည်ဆောက်ပြီးစီးသည့် လူစီးတွဲ ခြောက်တွဲပါ အထူးရထားတစ်စင်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် လမ်းကြောင်းအသစ်၊ အချိန်စာရင်းအသစ်ဖြင့် အောက်ပါအတိုင်းနေ့စဉ် (၇)ခေါက်ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| ရထားအမှတ် | ခရီးစဉ် | ခရီးစဘူတာထွက်ချိန် | ခရီးဆုံးဘူတာရောက်ချိန် |
|---|---|---|---|
| ၀-၁ | အင်းစိန်-လှော်ကား | ၀၆း၄၅ | ၀၇း၂၅ |
| ၀-၂ | လှော်ကား-အင်းစိန် | ၀၇း၄၀ | ၀၈း၂၀ |
| ၀-၃ | အင်းစိန်-ရန်ကုန် | ၀၈း၂၅ | ၀၉း၂၀ |
| ၀-၄ | ရန်ကုန်မြို့ပတ်(လက်ယာရစ်) | ၀၉း၃၀ | ၁၂း၂၀ |
| ၀-၅ | ရန်ကုန်မြို့ပတ်(လက်ယာရစ်) | ၁၂း၂၅ | ၁၅း၂၅ |
| ၀-၆ | ရန်ကုန်မြို့ပတ်(လက်ယာရစ်) | ၁၅း၃၀ | ၁၈း၂၅ |
| ၀-၇ | ရန်ကုန်-အင်းစိန် | ၁၈း၃၅ | ၂၀း၂၅ |

ရထားလက်မှတ်ခအဖြစ် ခရီးစဉ်တစ်ခုအတွက် ပြည်တွင်းခရီးသည်တစ်ဦးလျှင် ၃၀၀ ကျပ်နှင့် နိုင်ငံခြားသားခရီးသည်တစ်ဦးလျှင် တစ်ဒေါ်လာကျသင့်မည်ဖြစ်သည်။

အဆိုပါတွဲဆိုင်းသစ်၏ လူစီးတွဲခြောက်တွဲသည် ဖိုက်ဘာထိုင်ခုံ၊ မီးချောင်း၊ ပန်ကာများပြည့်စုံစွာတပ်ဆင်ထားပြီး တွဲတစ်တွဲနှင့်တစ်တွဲ တောက်လျှောက်ကူးသန်းသွားရောက်နိုင်ရန် အဆင့်အတန်းမြင့်မြင့် တည်ဆောက်ထားသည်။ လူစီးတွဲတစ်တွဲစီတွင် ထိုင်စီးခရီးသည် ၆၀၊ ရပ်စီးခရီးသည် ၄၈ ဦးဖြင့် ၁၀၈ ဦးစီးနင်းနိုင်ပြီး လူစီးတွဲခြောက်တွဲလုံး၌ ထိုင်စီးခရီးသည် ၃၆၀၊ ရပ်စီးခရီးသည် ၂၈၈ ဦးဖြင့် စုစုပေါင်း ၆၄၈ ဦး စီးနင်းနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ တွဲဆိုင်းအသစ်နှင့် နောက်ထပ်အထူးရထားတစ်စင်း တိုးချဲ့ပြေးဆွဲသဖြင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် တွဲဆိုင်း ၂၃ ဆိုင်းအသုံးပြု၍ ရထားစင်းရေ ၂၁၅ စင်း နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ဇန်နဝါရီ ၁ ရက်မှစတင်ပြေးဆွဲမည့် အထူးရထားခရီးစဉ်နှင့် ဘူတာစဉ်အလိုက် အချိန်စာရင်းအသေးစိတ်ကို မြို့ပတ်ဘူတာများတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ ကြေညာပေးသွားမည်ဖြစ်သည်။

ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် RBE Air Con ရထားကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ ဘူတာ ၁၃ ဘူတာတွင်ရပ်တန့်ပြီး နေ့စဉ် ရှစ်ခေါက်ပြေးဆွဲပေးခဲ့ရာ ခရီးသည်များကြိုက်နှစ်သက်သဖြင့် နိုဝင်ဘာ ၈ ရက်မှစ၍ လှည်းတန်းဘူတာတွင် တိုးမြှင့်ရပ်တန့်ပေးခဲ့သည်။

RBE Air Con မြို့ပတ်ရထားကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရန်ကုန်မြို့ပတ်ဘူတာများအားလုံးတွင် ရပ်တန့်ပေးမည်ဖြစ်သည်။

ယခင်က ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ၁၄ ဘူတာရပ်တန့်ပြီး မြို့တစ်ပတ်ပြေးဆွဲချိန်မှာ ၂ နာရီ ၁၅ မိနစ်ရှိခဲ့ရာ ယခု ၃၈ ဘူတာလုံးရပ်တန့်ပြီး မြို့တစ်ပတ်ပြေးဆွဲချိန်မှာ ၂ နာရီ မိနစ် ၅၀ ရှိမည်ဖြစ်သည်။

အဆိုပါမြို့ပတ်ရထားဘူတာစဉ်ရပ်တန့်မှု အချိန်စာရင်းအသေးစိတ်ကို မြို့ပတ်ဘူတာများတွင် ဒီဇင်ဘာ ၂၈ ရက်မှစ၍ ကြေညာပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**
















## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM/WCDMA မိုဘိုင်းတယ်လီဖုန်းများ International Roaming Service အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုအစီအစဉ်

မြန်မာနိုင်ငံတော်၏ GSM/ WCDMA မိုဘိုင်းဖုန်းသုံးစွဲသူများသည် မိမိကိုင်ဆောင်ထားသော GSM / WCDMA မိုဘိုင်းဖုန်းဖြင့် အခြားနိုင်ငံသို့ရောက်ရှိချိန်တွင်လည်းကောင်း၊ အခြားနိုင်ငံများ၏ GSM/WCDMA မိုဘိုင်းဖုန်းကိုင်ဆောင်သူများ မြန်မာနိုင်ငံသို့ ရောက်ရှိချိန်တွင်လည်းကောင်း ဆက်သွယ်အသုံးပြုနိုင်မည့် International Roaming စနစ်ကို ဝန်ဆောင်မှုပေးနိုင်ရန် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပြင်သစ်နိုင်ငံ Orange ကုမ္ပဏီနှင့် International Roaming Services Agreement ကို စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ပထမအဆင့်အနေဖြင့် အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၃၃ ခုမှ Operator ၆၄ ဦး၏ GSM/ WCDMA မိုဘိုင်းဖုန်းသုံးစွဲသူများသည် မြန်မာနိုင်ငံတွင် လာရောက်သုံးစွဲနိုင်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းမှ GSM/WCDMA မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများ အခြားနိုင်ငံများသို့ ရောက်ရှိချိန်တွင် မိမိ၏မိုဘိုင်းဖုန်းအသုံးပြုနိုင်ရေးအတွက် စက်မှုပိုင်းဆိုင်ရာများ စမ်းသပ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သုံးစွဲနိုင်မည့်နေ့ရက်ကို ထပ်မံအသိပေးသွားမည်ဖြစ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## မြန်မာနိုင်ငံ စာရေးဆရာအသင်းမှကျင်းပသော စာမူပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်

**ရန်ကုန်  ဒီဇင်ဘာ  ၂၄**

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ပထမအကြိမ် စာမူပြိုင်ပွဲ ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ရာ ကဗျာ ၁၂၃ ပုဒ်၊ ဆောင်းပါး ၁၀၆ ပုဒ်၊ ဝတ္ထုတို ၁၁၅ ပုဒ် စုစုပေါင်း ၃၄၄ ပုဒ်အနက် စာမူစိစစ်ရေးလုပ်ငန်းကော်မတီများမှ အကြိမ်ကြိမ်စိစစ် ရွေးချယ်ပြီး ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်သည်။

ကဗျာစာမူဆုတွင် ဇော်မျိုးဟန် (ငါးသိုင်းချောင်း) က အလင်္ကာနဒီဖြင့် ပထမ၊ ဒေါက်တာမင်းလဲ့ရည်က သင်းပျံ့ထုံလွင်မြိုင်တောယဉ်ဖြင့် ဒုတိယ၊ အဖျောက်မြေ မောင်ဆွေမွန်က ပန်းတော်ဝင်မျိုးဂုဏ်ဝင့်စေဘို့ဖြင့် တတိယ၊ မောင်လွန်းမြိုင် (ပင်လယ်ဘူး)က အထူးဆု (၁)၊ မြေလတ်မင်းလွင်က အထူးဆု (၂) ရရှိသည်။

ဆောင်းပါးစာမူဆုတွင် ရွှေငယ်ဝိုင်း (ကြို့ပင်ကောက်)က တံတားအိုနှင့် ကွမ်းတစ်ရာဖြင့် ပထမ၊ နေမင်းသူရိန်က မြန်မာဆိုတာဖြင့် ဒုတိယ၊ မောင်ချိုဝေက ရသဖြင့်ထိန်းကွပ်ခြင်းဖြင့် တတိယ၊ ခိုင် (မိတ္ထီလာ)က အထူးဆု (၁)၊ ပန်းမြိုင်လယ်စိန်ဝင်းက အထူးဆု (၂)ရရှိသည်။

ဝတ္ထုတိုစာမူဆုတွင် မောင်အင်း (ဥက္ကံ)က ပွင့်မှန်သီးဝင်း ပေါင်းမြက်ရှင်း၊ ပင်ခြေနင်းသင့်နင်းရာ၏ဖြင့် ပထမ၊ ပန်းမြိုင်လယ်စိန်ဝင်းက အလှသစ္စာဘဝသစ္စာဖြင့် ဒုတိယ၊ ကောင်းကင်မေ (စီးပွားရေးတက္ကသိုလ်)က မွန်မြတ်သည့်နှလုံးသားများဖြင့် တတိယ၊ မောင်နီမှိုင်း (ကျောက်တန်း) က အထူးဆု (၁)၊ သွဲ့ထားညို (သက္ကလ)က အထူးဆု (၂) တို့ ရရှိကြသည်။

ဆုချီးမြှင့်ပွဲကျင်းပမည့် နေ့ရက်၊ အချိန်နှင့်နေရာကို မကြာမီကြေညာသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အလိမ္မာ
စာမာရှိ
စာအုပ်စာပေ
လူ့မိတ်ဆွေ



## ဒေါ်ခိုင်ခေမာမောင်မောင်လေး[၁၂/မရက(နိုင်)၁၁၈၈၂၄]အား အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်း၊ အမှတ်(၁၈၀)၊ ပ-ထပ်နေ ဦးခမ်ခန့်မုန်[၅/တမန(နိုင်)၀၃၂၂၃၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

TOYOTA RAV-4-ACA-21.0114464 STATION WARGON (4x4) (R) ခတ်ဆီမော်တော်ယာဉ်အမှတ်-၅ဃ/၃၅၅၆ မှာ မူလကားအဟောင်း ခ/၈၀၀၉ Sunny Pick-up (4x2) LB.120ကို သက်ဆိုင်ရာဌာနသို့အပ်နှံ၍ ဂျပန်နိုင်ငံမှ လေလံတွင် ၎င်းကိုယ်တိုင်မှ ပါဝင်ရွေးချယ်ဝယ်ယူခဲ့ပြီး ယနေ့အထိ အမည်ပေါက်ပိုင်ဆိုင်အသုံးပြုလျက်ရှိပါသည်။

ဦးခမ်ခန့်မုန်မှ တောင်ကိုရီးယားနိုင်ငံသို့ ဆေးကုသခံယူရန်သွားမည်ဖြစ်၍ ယင်းကားလိုင်စင်သက်တမ်း ၂၀၁၄ အား တိုးမြှင့်နိုင်ရန် ဒေါ်ခိုင်ခေမာမောင်မောင်လေးနှင့်ဒေါ်တင်တင်မာတို့အား ကားနှင့်ကားလိုင်စင်စာအုပ်၊ အာမခံစာအုပ်မူရင်းများအား ယုံကြည်စွာအပ်နှံခဲ့ပါသည်။ ကားလိုင်စင်သက်တမ်းတိုးမြှင့်ပြီး၍ ကားနှင့်ပတ်သက်သောစာရွက်စာတမ်းများအား ဒေါ်ခိုင်ခေမာမောင်မောင်လေးက နောက်မှလာပေးပြီးနောက် ၎င်းစာရွက်စာတမ်းများအား စစ်ဆေးကြည့်ရာအတုဖြစ်နေပါသည်ဟု သိခဲ့ရပါသည်။ ထို့ပြင် ဦးခမ်ခန့်မုန်၏ နာမည်ကိုလည်း အလွဲသုံးစားပြုလုပ်သည့်အပြင် အတွေ့မခံဘဲ ထွက်ပြေးတိမ်းရှောင်နေပါသည်ဟု အမှုသည်၏ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်အမှတ်-၅ဃ/၃၅၅၆ နှင့်ပတ်သက်သော မော်တော်ယာဉ်လိုင်စင်နှင့် အာမခံစာအုပ်မူရင်းများအား "ယနေ့ကြေညာသည့်နေ့မှ (၃)ရက်"အတွင်း ကျွန်ုပ်ထံသို့လာရောက်ပေးအပ်ရန် သိစေအပ်ပါသည်။ အကယ်၍ လာရောက်အပ်နှံခြင်းမရှိပါက တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း စိတ်မချမ်းမြေ့စွာဖြင့် အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးခမ်ခန့်မုန် | **U SHEIN** |
| [၅/တမန(နိုင်)၀၃၂၂၃၅] | **B.Sc,PG Dip in Law,PG Dip in Political Management(Final),** |
| အမှတ်-၁၈၀၊ ပ-ထပ်၊ (၃၉)လမ်း၊ | **PG Dip in Maritime Law, PG Dip in Business Law,** |
| (၈)ရပ်ကွက်၊ ကျောက်တံတား | **PG Certificate of Competence for Peace, Demorcy and** |
| မြို့နယ်၊ ရန်ကုန်မြို့။ | **Development, Certificate of Competence for Higher Grade** |
| | **Pleader,L.C.C(London), Certificate of Competence for It. C.B,AGD** |
| | ဘဏ်ဥပဒေအကြံပေး |
| | ပုလဲဂေဟာ၊ ခြံအမှတ်-၁၀၅၊ ရွှေဟင်္သာ(၃)လမ်း၊ ၆ မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ |
| | ရန်ကုန်မြို့၊ **Ph:09-5010830, 01-507236** |
| | **Email:ushein@gmail.com(or)kokashein2013@gmail.com** |

# အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီနှင့် ပဲနှမ်းကုန်သည်အသင်းဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့တွင် အောက်တိုဘာ ၁၃ ရက်က အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီနှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ရာ ပြည်တွင်းရောင်းဝယ်မှုများတွင် ကုန်သွယ်မှုလုပ်ငန်းအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံမှုကို ကင်းလွတ်ခွင့်ပြုရန် သို့မဟုတ် ပဲမျိုးစုံသည် ပြည်တွင်းစားသုံးမှုနည်းပါးပြီး ပြည်ပသို့တင်ပို့ရသည်ဖြစ်ရာ ပြည်တွင်းရောင်းဝယ်မှုများဆောင်ရွက်ရာတွင် FOB ဈေးနှုန်းဖြင့် တွက်ချက်ပေးခြင်း သို့မဟုတ် ပြည်တွင်းရောင်းဝယ်မှုအဆင့်ဆင့်တွင် ကောက်ခံထားသော ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်ပသို့ တင်ပို့ချိန်တွင် ပြန်အမ်းပေးခြင်းစသည့် နည်းလမ်းတစ်ခုခုဖြင့် ဆောင်ရွက်သင့်ကြောင်း တင်ပြခဲ့သည်။

တင်ပြမှုနှင့်ပတ်သက်၍ ပဲ၊ နှမ်းများ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ရောင်းချ၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ယခု တင်ပြသည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းမှာ ပြည်တွင်းတွင်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းပေါ်တွင် ကျသင့်ခြင်းဖြစ်ကြောင်း၊ ပဲ၊ နှမ်းများ ပြည်ပသို့တင်ပို့ရောင်းချမှုပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်သည် ဝင်ငွေခွန်ကဲ့သို့ တိုက်ရိုက်ခွန်မဟုတ်ဘဲ သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်၍ အခွန်စနစ်တွင် ပါဝင်သူအားလုံး ပါဝင်ဆောင်ရွက်ရန်လိုအပ်သည့် အခွန်စနစ်ဖြစ်ကြောင်း၊ ကုန်ဝယ်ယူစဉ်က ပေးဆောင်ခဲ့ရသောအခွန်ကို ကုန်စည်ပြန်လည်ရောင်းချချိန်တွင် ကျသင့်အခွန်ငွေမှ ခုနှိမ်ခွင့်ပြုထားသော်လည်း လက်တွေ့တွင် လိုက်နာဆောင်ရွက်မှု အကန့်အသတ်ရှိကြောင်း၊ ယခုတင်ပြချက်များသည် မြန်မာနိုင်ငံအခွန်စနစ်အတွက် အားတက်ဖွယ်ဖြစ်ပြီး ယင်းသို့ ဖြစ်လာရန် အချိန်ယူခဲ့ရပြီး ယင်းအခြေအနေတွင် အခွန်ကင်းလွတ်ခွင့်ပြုခြင်းဖြင့် အခွန်စိတ်ဓာတ်နှင့် အခွန်ပေးဆောင်ရသော အလေ့အထကို ဝေးကွာစေမည့်အပြင် အခြားကုန်သွယ်မှုလုပ်ငန်းများအကြား မျှတမှုကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်တွင်းရောင်းဝယ်မှုအဆင့်ဆင့်တိုင်းတွင် ကောက်ခံထားသော ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်ပသို့တင်ပို့ချိန်တွင် ပြန်အမ်း (Rebate) ပေးရေးတင်ပြရာ ပြည်ပပို့ကုန် အားပေးမြှင့်တင်ရေးအတွက် နိုင်ငံအချို့တွင်ကျင့်သုံးလျက်ရှိသော စနစ်ဖြစ်ကြောင်း၊ ကောင်းမွန်သောစနစ်ဖြစ်သော်လည်း လက်ရှိအချိန်တွင် ဆောင်ရွက်ရန်မှာ မည်သည့်အဆင့်တွင်အခွန်မည်မျှ ပေးဆောင်ခဲ့ကြောင်း ထင်ရှားစွာသိရှိရေးဖြစ်ကြောင်း၊ အဓိကအချက်မှာ တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေတွင် ပြန်အမ်းငွေ Refund အတွက် ဥပဒေပြဋ္ဌာန်းချက်ရှိသော်လည်း Rebate အတွက်ပြဋ္ဌာန်းချက်မရှိကြောင်း၊ နိုင်ငံတကာအခွန်စနစ်ကဲ့သို့ပင် ကုန်သွယ်လုပ်ငန်းခွန်ကို တန်ဖိုးမြင့်ခွန် Value Added Tax စနစ်သို့ ကူးပြောင်းနိုင်စေရန် ကုန်သွယ်မှုအဆင့်တိုင်းတွင် ထမ်းဆောင်ရသော ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် အလေ့အကျင့်ရရှိရေးဆောင်ရွက်ထားရန် လိုကြောင်း၊ ကုန်ဝယ်ယူမှု အဆင့်တိုင်းတွင် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်အမ်းပေးနိုင်ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် အရောင်းအဝယ်လုပ်သည့် အချိန်တိုင်း အခွန်ပေးဆောင်ခဲ့မှု အထောက်အထားများ ထားရှိရန်လိုကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖက်ဒရယ်ပြည်ထောင်စုပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၀/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**ဖက်ဒရယ်ပြည်ထောင်စုပါတီ(Federal Union Party)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ်(၁၅)၊ (၆)လွှာဝဲဘက်အခန်း၊ လှိုင်မြစ်လမ်း(ကမာရွတ်ဘူတာရုံလမ်း) ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဖက်ဒရယ်ပြည်ထောင်စုပါတီ(Federal Union Party)**အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဖက်ဒရယ်ပြည်ထောင်စုပါတီ(Federal Union Party)** ၏ မှတ်ပုံတင်အမှတ်မှာ(၇၁) ဖြစ်ပါသည်။

**အမိန့်အရ**
(တင်ထွန်း)
**အတွင်းရေးမှူး**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စက်ယန္တရားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေဖော်ထုတ်ခြင်း အပါအဝင် လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတစ်ခုလျှင် မြေတူးစက်(Excavator)တစ်စီး၊ မြေထိုးစက် Bulldozer တစ်စီး၊ လမ်းကြိတ်စက် (Road Roller) တစ်စီးနှင့် မြေသယ်ယာဉ်(Dump Truck) သုံးစီး စုစုပေါင်းခြောက်စီးနှုန်းဖြင့် ပံ့ပိုးကူညီရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ပြည်တွင်းကုမ္ပဏီများဖြင့် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့သည့် စက်ယန္တရားများအနက် မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်မှ ရောက်ရှိအပ်နှံသော မြေတူးစက် (Kobelco Excavator) ခြောက်စီးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုသို့ မြေတူးစက်(Kobelco Excavator) တစ်စီးစီအား အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် ဒီဇင်ဘာ ၁၇ ရက်တွင် ပထမဆုံးအကြိမ်လွှဲပြောင်းပေးပို့ခဲ့သည်။

ကျန်ရှိသော စက်ယန္တရားများ ရောက်ရှိပါက အဆိုပါဒေသများသို့ ပွင့်လင်းရာသီအမီ အမြန်ဆုံးလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မီးမလောင်ခင်သတိယှဉ်**
**ကြိုတင်ကာကွယ်ပါ**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅း၄၀ "ဒုက္ခကိုသိအောင်လုပ်ပါ" တရားတော် (ဒေါက်တာအရှင် ကိတ္တိသာရချောင်းဦးဆရာတော်)
၆း၂၀ **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၅၀)
၇း၁၅ မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၃၂)
၈း၄၀ **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၃၃)
၉း၂၅ **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၃)

























# ရဲအယောင်ဆောင်တည်းခိုပြီး ဖုန်းခိုးသူအား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဒီဇင်ဘာ ၂၁ ရက်တွင် ထီးလင်း-ဂန့်ဂေါကားလမ်း ဝါးအိုးချောင်းလမ်းခွဲဇရပ်အနီးရှိ ဈေးဆိုင်၌ ထီးလင်းမြို့ ဝါးအိုးချောင်းကျေးရွာနေ ဦးသန်းတင် (၅၁)နှစ်သည် ဈေးရောင်းနေစဉ် ဆိုင်ကယ်တစ်စီးဖြင့် လူတစ်ဦး ရောက်ရှိလာပြီး ကျောနယ်မြေရဲစခန်းမှ နယ်ထိန်းရဲထွန်းဟု ပြောပြပြီး တည်းခိုခွင့်တောင်းသဖြင့် ၎င်း၏အိမ်၌ တစ်ည တည်းခိုခွင့်ပြုခဲ့သည်။ ထို့နောက် ဒီဇင်ဘာ ၂၂ ရက် နံနက် အစောတွင် ပြန်သွားခဲ့ကြောင်း၊ ဦးသန်းတင်မှ နံနက် ၇ နာရီတွင် ဖုန်းဆက်ရန်အတွက် ဖုန်းအား ကြည့်ရှုရာ ၎င်းပိုင် HUAWEI ဖုန်းတစ်လုံး၊ SAMSUNG ဖုန်းတစ်လုံး စုစုပေါင်း ဖုန်းနှစ်လုံးပျောက်ဆုံးနေသည်ကို တွေ့ရှိရသောကြောင့် ထီးလင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ လိုက်လံစုံစမ်းခဲ့သည်။ ထိုသို့ စုံစမ်းရာ ရဲထွန်းဟု ပြောခဲ့သူအား ပေါက်မြို့နယ် ပျဉ်းမရွာအနီး၌ တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ကျောနယ်မြေရဲစခန်းမှ နယ်ထိန်းရဲထွန်းမဟုတ်ဘဲ စစ်ကိုင်းတိုင်းဒေသကြီး ဒိုးနွယ် ရေနံမော်သို့ လာရောက်အလုပ်လုပ်ကိုင်နေသည့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်နေ တင်ရဲထွန်း(၃၅) နှစ် ဖြစ်ကြောင်းနှင့် ၎င်းထံမှ ဦးသန်းတင်ပျောက်ဆုံးသွားသည့် ဖုန်းနှစ်လုံးကိုပါ တွေ့ရှိရသဖြင့် တင်ရဲထွန်းအား ထီးလင်းမြို့မရဲစခန်းက (ပ)၄၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၁၇၀/၃၈၀ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# တောင်ငူမြို့လယ်တွင် မီးလောင်မှုဖြစ် လူနေအိမ်လေးလုံး ပျက်စီးဆုံးရှုံး

**တောင်ငူ ဒီဇင်ဘာ ၂၄**

တောင်ငူမြို့ အမှတ်(၁၇)ရပ်ကွက် ကုန်သည်ကြီးလမ်းတွင် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁ နာရီခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အဆိုပါမီးလောင်မှုကြောင့် လက်ဖက်ပဲကြော်ဆိုင်တစ်ဆိုင်၊ မိုဘိုင်းဖုန်းအရောင်းဆိုင်တစ်ဆိုင်၊ ရွှေရတနာဆိုင်တစ်ဆိုင်နှင့် လူနေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် လက်ဖက်ပဲကြော်လုပ်ငန်းရှင် ဦးသန်းထူးအား တောင်ငူမြို့မရဲစခန်းက (ပ)၆၁၇/၂၀၁၃ ပြစ်မှုပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူထားသော်လည်း မီးလောင်ကျွမ်းမှုဖြစ်ပွားပုံနှင့်ပတ်သက်၍ အငြင်းပွားမှုများရှိနေကြောင်း ရပ်ကွက်နေထိုင်သူများ၏ ပြောပြချက်အရ သိရသည်။ မီးလောင်ရာနေရာသို့ တောင်ငူမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် ခြောက်စီး၊ အထောက်အကူယာဉ် တစ်စီးတို့အပြင် ဖြူးမြို့နယ်မှ မီးသတ်ယာဉ် တစ်စီး၊ အုတ်တွင်းမြို့နယ်မှ မီးသတ်ယာဉ် နှစ်စီး၊ ထန်းတပင်မြို့နယ်မှ မီးသတ်ယာဉ်တစ်စီးနှင့် ရေတာရှည်မြို့နယ်မှ မီးသတ်ယာဉ်တစ်စီး လာရောက်ကူညီခဲ့ပြီး စုစုပေါင်း မီးသတ်ယာဉ် ၁၁ စီး၊ ရေဂါလန် ၃၄၀၀ ဆံ့ ပုဂ္ဂလိကရေသယ်ယာဉ် နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၈၃ ဦးဖြင့် ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

နံနက် ၃ နာရီ မိနစ် ၂၀ ခန့်တွင် မီးကို ထိန်းသိမ်းနိုင်ခဲ့ပြီး နံနက် ၄ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် လူသေဆုံးမှုမရှိကြောင်း သိရသည်။

**ကျော်စွာ(တောင်ငူ)**



# နတ်တလင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**နတ်တလင်း ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မြို့စိုးကျေးရွာ၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁ နာရီတွင် ဦးလှဟန်နေအိမ်၏ နွားတင်းကုပ်မှ မီးစတင်လောင်ကျွမ်းရာ လူနေအိမ်လေးလုံးနှင့် ကောက်ဆိုင်ပုံ စပါးထွက်ခန့်မှန်း ၆၃၅ တင်းခန့် မီးလောင်ကျွမ်းရာ အဆိုပါမီးလောင်မှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့မရဲစခန်းမှ ဒုရဲမှူးမျိုးညွန့်၊ နတ်တလင်းမီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် တစ်စီး၊ တာပွန်အရန်မီးသတ်ယာဉ် တစ်စီး၊ ဇီးကုန်းမြို့မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီး စုစုပေါင်းသုံးစီး၊ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၅ ဦးတို့ လာရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

## မွေးနေ့မင်္ဂလာဆုတောင်း

၂၁-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော [illegible] ၏ [illegible]

[illegible]

# ရွှေကုန်သည်များအား အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ စီးပွားရေးဖွံ့ဖြိုးမှုဇုန်တွင် ဖွင့်လှစ်ထားသော အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း(ရန်ကုန်)ကို ၂၅-၁၂-၂၀၁၃ရက်မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။ ပြန်လည်ဖွင့်လှစ်မည့်ရက်ကို ထပ်မံအသိပေးကြေညာပါမည်။

ဦးသူတော်[၉/မရတ(နိုင်)၀၅၉၅၄၆]

(ဥက္ကဋ္ဌ-မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း)

အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း

# ငွေရတုရက်မြတ်မင်္ဂလာဆုမွန်လွှာ

မိသားစုဘဝကို ချစ်ခင်ကြင်နာမှု၊ သာယာချမ်းမြေ့မှုအပြည့်အဝဖြင့် ဦးဆောင်လမ်းပြပေးသော ချစ်ဖေဖေ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုင်းထွန်းရင်နှင့် မိသားစုဘဝကို နားလည်စာနာမှု၊ ပျော်ရွှင်နွေးထွေးမှုအပြည့်အဝဖြင့် ကျွေးမွေးပြုစုစောင့်ရှောက်ပေးသော ချစ်မေမေ သီရိသုဓမ္မသိင်္ဂီ ဒေါ်ချိုချိုခိုင် [ကီမိုနိုဟောက်(စ်)နှင့်နိုဝင်ဘာဟိုတယ်]တို့၏ ၂၅-၁၂-၂၀၁၃ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံအကျိုး၊ ပြည်နယ်အကျိုး၊ လူမှုအကျိုးတို့ကို ချစ်သမီးလေးနှင့်အတူ သယ်ပိုးထမ်းဆောင်ရင်း ကြည်နူးစရာကောင်းသော ဘဝခရီးလမ်းကို ထာဝရလျှောက်လှမ်းနိုင်ပါစေ--

တစ်ဦးတည်းသောချစ်သမီးလေး- ဒေါက်တာ နန်းယဉ်မင်းထွန်း

# ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

အစ်ကိုကြီး နှင့် မမဖြူ တို့၏ ၂၅-၁၂-၂၀၁၃ ရက်နေ့တွင်ကျရောက်သော နှစ်ပေါင်း (၃၀)ပြည့် ပုလဲရတု မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် တိုင်းကျိုးပြည်ကျိုး ဘာသာသာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။

မြတ်သပြေမိသားစု

# ရာသီချိန်ဗမာပန်းမုံလာစိုက် တွက်ချေကိုက်

**ခင်ဦး ဒီဇင်ဘာ ၂၄**

ယနေ့အချိန်ကာလသည် ဆောင်းသီးနှံမျိုးစုံ ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ မရမ်းအင်းကျေးရွာတွင် ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ဗမာပန်းမုံလာ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

မရမ်းအင်းကျေးရွာရှိ ဒေသခံအများစုသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် စပါးနှင့်အခြားသီးနှံပင်များစိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သည့်အလျောက် မိသားစု ပင်မလုပ်ငန်းတစ်ခုဖြစ်သည့်နည်းတူ ရာသီချိန်အမီ ဗမာပန်းမုံလာစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ မရမ်းအင်းကျေးရွာ ယာလုပ်ငန်းလုပ်ကိုင်သူ ဦးကျော်ငွေးက ပြောကြားသည်။

ပန်းမုံလာစိုက်ရန် ပျိုးပင်ပေါက်များကို သီးခြားမြေနေရာမှာ ပျိုးပေးထားရတယ်။ ပျိုးပင်အသက်တစ်လခွဲပြည့်လျှင်ရွှေ့စိုက်လို့ရပြီး ပျိုးပင်ပေါက်တွေကို စိုက်ခင်းထဲမှာ မစိုက်မီစိုက်ခင်းမြေကိုထွန်(ထည်)လိုက်ခြင်း၊ မြေဩဇာကျွေးခြင်း၊ မြေကိုညက်အောင် ထည်လိုက်ပြီး နှစ်ပေအကျယ်စိုက်ပေါင်ပြုလုပ်ကာ မြေကို နှပ်ထားရတယ်။ တစ်ပတ်ခန့်အကြာမှာ ပျိုးပင်တွေကို စိုက်ပေါင်ပေါ်မှာ ရွှေ့စိုက်တယ်၊ စိုက်တဲ့အချိန်မှာ အသီးမြေဆီခံစိုက်တယ်။ တစ်ပင်နှင့် တစ်ပင်တစ်ပေခွဲအကွာထားစိုက်တယ်။ ရွှေ့စိုက်ပြီး ရေကိုအခြေအနေကြည့်ပြီး လိုက်ရတယ်။ မိုးရွာလျှင် ရေမသွင်းရဘူး။ မိုးမရွာခဲ့ဘူးဆိုလျှင် ရေကို သုံးရက်ဆက်သွင်းပေးရတယ်။ စိုက်ပြီးသီးနှံအဖျက်ပိုးကျတတ်လို့ နှစ်ပတ်ခန့်အကြာမှာ ပိုးသတ်ဆေးဖျန်းပေးရတယ်။ စိုက်ပြီးရက်ပေါင်း ၆၀ ပြည့်လျှင် အပွင့်ငယ်အဖြစ် သန္ဓေတည်စပြုလာတယ်။ သန္ဓေတည်ပြီး ၁၀ရက်အကြာမှာ စပြီး ခုတ်ယူရောင်းချနိုင်ပြီ။ ဝါဆိုလဆန်းပိုင်းက စိုက်မည်ဆိုပါက စောစောစီးစီး ဈေးကောင်းကောင်းနဲ့ ရောင်းရတယ်။ တစ်ဧကစိုက် အပင် ၇၀၀၀ အထိ စိုက်နိုင်တယ်။ စိုက်ပျိုးစရိတ်ကုန်ကျမှုနည်းတယ်။ မြေဩဇာမြေဆီဖိုးနှင့် ရေတင်ခစက်သုံးဆီ စရိတ်လောက်ပဲ ငွေကုန်တယ်။ ခန့်မှန်းကုန်ကျစရိတ်အနေနဲ့ တစ်သိန်းခန့် ကုန်ကျတယ်။ လုပ်အားအနေနဲ့ ကိုယ့်မိသားစု ကိုယ့်လုပ်အားနဲ့လုံလောက်တယ်။

ရောင်းချသည့်အနေအထားကလည်း စိုက်ခင်းအပြတ်ရောင်းရတယ်။ မြို့ကကုန်စိမ်းသည်တွေထံ နှစ်စဉ်ဖောက်သည်ပေးရောင်းတယ်။ မနှစ်က တစ်ပွင့်ကို ကျပ် ၂၅၀နဲ့ရောင်းရပေမယ့် ဒီနှစ်မှာ ကျပ် ၂၈၀ထိရောင်းရတယ်။ တစ်ဧကကို အမြတ် ၁၄ သိန်း ရတယ်။ ထိုင်ဝမ်ပန်းမုံလာမပေါ်ခင်မှာ ရောင်းချနိုင်မှသာ ဈေးကောင်းကောင်းရောင်းရမှာပါ။ ထိုင်ဝမ်ပန်းမုံလာ ပေါ်လာလျှင် ဗမာပန်းမုံလာတွေက ဈေးကောင်းကောင်းမရနိုင်ဘူး။ ဗမာပန်းမုံလာစိုက်ပျိုးမည့် ယာသမားများအနေဖြင့် ရာသီချိန်အမီ စောစောရောင်းချနိုင်အောင် ဝီရိယထားစိုက်ပျိုးသင့်ကြောင်းဖြင့် ဗမာပန်းမုံလာစိုက် တွက်ချေကိုက်သည်ဟု ရှင်းပြကြောင်းသိရသည်။

**သန်းထိုက်(ရေဦး)**



ဒီဇင်ဘာ ၂၂ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ပင်လုံလမ်းနှင့်ဘုရင့်နောင်လမ်းထိပ်တွင် ကုန်တင်ယာဉ်ဖြင့် ဓာတ်တိုင်များ သယ်ဆောင်လာရာ ပုံတွင်မြင်ရသည့်အတိုင်း လူနှစ်ဦးက ဓာတ်တိုင်ထိပ်တွင် ဟန်ချက်ယူကာ ဖိထားပြီး နောက်မှ အလေးချိန်ကို လူ၏အလေးချိန်ဖြင့် ချိန်ညှိကာ ဆပ်ကပ်ဆန်ဆန် အန္တရာယ်ကြီးစွာ သယ်ဆောင်လာသည်ကို တွေ့ရစဉ်။ (၆၄)



# ရာသီစာစိမ်းစားဥ ဈေးကွက်ဝင်ရောက်

**ရေတာရှည် ဒီဇင်ဘာ ၂၄**

ဆောင်းရာသီတွင် ရာသီစာဖြစ်သော စိမ်းစားဥများ ယခုဒီဇင်ဘာ ဒုတိယ အပတ်မှစ၍ နယ်ဈေးကွက်တွင်ရောင်းချလျက်ရှိသည်။

အရည်ရွှမ်းလှသည့် စိမ်းစားဥများကို တောင်ငူမြို့နယ်နှင့် သံတောင်မြို့နယ်တွင် စိုက်ပျိုးကြပြီး စိမ်းစားဥကို မြေကြီးအတွင်းက တူးယူကြရခြင်းဖြစ်ကာ လူကြီးလူငယ်အရွယ်မရွေး ဝယ်ယူစားသုံးကြသည်။ စိမ်းစားဥ အသေးစား၊ အကြီးစားမျှ၍ တွဲထားသောအတွဲတစ်တွဲလျှင် ၁၅၀ ကျပ်သာ ကျသင့်၍ နေ့စဉ်ဝယ်ယူသူများက ဈေးမှပြန်လျှင် အများအပြားဝယ်ယူသွားလေ့ရှိသည်ဟု စိမ်းစားဥရောင်းချသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# ဆိုင်ကယ်ဘက်ထရီဖြင့် ကြည့်ရှုနိုင်သောPortable EVDများ မကွေးမြို့နယ်အတွင်း အရောင်းသွက်

**မကွေး ဒီဇင်ဘာ ၂၄**

မကွေးမြို့နယ်အတွင်းရှိ လျှပ်စစ်မီးရရှိရန်ခက်ခဲသော ကျေးရွာများနှင့် ရေနံမြေများတွင် အသေးစား Portable EVD စက်များကို ဝယ်ယူအသုံးပြုသူ များပြားလျက်ရှိကြောင်း သိရသည်။ Invertor မလိုဘဲ ဆိုင်ကယ်ဘက်ထရီကဲ့သို့ သေးငယ်သော ဘက်ထရီအိုးများဖြင့် အလွယ်တကူ ချိတ်ဆက်အသုံးပြုနိုင်သော Porta-



ble EVD များကို တရုတ်နိုင်ငံမှ တင်သွင်းမှုများပြားပြီး ဈေးနှုန်းအရလည်း ချိုသာသောကြောင့် လူတန်းစားမရွေး ဝယ်ယူနိုင်ကြသည်။ Portable များတွင် ရုပ်သံလိုင်းများ ဖမ်းယူနိုင်သော Tuner စနစ်ပါရှိသောကြောင့် ယခု ဆီးဂိမ်းကာလအတွင်း ပို၍ အရောင်းသွက်လျက်ရှိကြောင်း မကွေးမြို့မှ အီလက်ထရွန်နစ် အရောင်းဆိုင်ရှင်တစ်ဦးက ပြောကြားသည်။

"အဓိကအားသာချက်က သွားလေရာ သယ်လို့ရတယ်။ ဘက်ထရီအစားသက်သာတယ် ၊ဆိုင်ကယ်ဘက်ထရီနဲ့လည်း ချိတ်ဆက်ပြီး အသုံးပြုလို့ရတယ်၊ ဈေးနှုန်းကလည်း တော်တော်ချိုတယ်၊ မီးမရတဲ့ကျေးရွာတွေနဲ့ ရေနံမြေထဲက ရွှေ့ပြောင်းရေနံအလုပ်သမားတွေကတော့ အသုံးပြုနေတဲ့ ဆိုင်ကယ်ဘက်ထရီနဲ့ ချိတ်ဆက်ပြီး ကြည့်ကြတာပဲ။ ဆိုင်ကယ်မောင်းထားတော့ ဆိုင်ကယ်ဘက်ထရီ Charger နဲ့အားပြည့်နေပြီလေ။ အင်တာနာအနေနဲ့ကတော့ သူ့မှာပါတဲ့ အင်တာနာက လိုင်းဖမ်းအားညံ့တော့ အခြားအသေးစားအင်တာနာတွေ သုံးကြတယ်။ တချို့က ဖဲထီးသံချောင်းလိုမျိုးတွေနဲ့ ကိုယ့်ဖာသာတီတွင် အသုံးပြုကြတာတွေလည်း တွေ့ဖူးတယ်။ အခုလို ဆီးဂိမ်းကာလမှာ ပိုပြီးရောင်းရတယ်။ ပြည်တွင်းရုပ်သံလိုင်းတွေက လွှင့်တဲ့ အားကစားပြိုင်ပွဲ အစီအစဉ်တွေကို လက်မလွတ်တမ်း အားပေးကြည့်ရှုချင်ကြတာပေါ့ဗျာ"ဟု ၎င်းက ထပ်မံပြောကြားသည်။ Portable EVD များမှာ အနည်းဆုံး ၁၁ လက်မ၊ ၁၃ လက်မဝန်းကျင်မှ ၁၅ လက်မဝန်းကျင်အထိ ဆိုဒ်မျိုးစုံ အမျိုးအစားအစုံပေါ်မူတည်၍ ဈေးနှုန်းကျပ်ငွေ ၃၅၀၀၀ မှ ၉၀၀၀၀ ဝန်းကျင်အထိရှိကြောင်း သိရသည်။

**ကျော်စွာ(မကွေး)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ သာကေတဓာတ်အားပေးစက်ရုံရှိ ချွတ်ယွင်းသွားသော 33/11KV, 5MVA Transformer (၂)လုံးအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို၍ ပြန်လည်ပြုပြင်လိုပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၃-၁၂-၂၀၁၃ ရက် |
| တင်ဒါပိတ်မည့်ရက် | - ၂၃-၁-၂၀၁၄ ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၂း၀၀ နာရီ |

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) ရေနွေးငွေ့တာဘိုင်အတွက် လိုအပ်သော လျှပ်စစ်ပစ္စည်းများဝယ်ယူခြင်း
(၂) STG နှင့် ရေသန့်အတွက် လိုအပ်သော Mechanical Parts များ ဝယ်ယူခြင်း

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၃-၁၂-၂၀၁၃ ရက် |
| တင်ဒါပိတ်မည့်ရက် | - ၂၃-၁-၂၀၁၄ ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၂း၀၀ နာရီ |

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ 750 Tons Crawler Crane အစိတ်အပိုင်း(၁၂၃၉. ၄၆၈)တန်အား သီလဝါဆိပ်ကမ်း(ရန်ကုန်)သို့ ရေလမ်းဖြင့် သယ်ပို့မည့်လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

၂။ တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက် - ၂၄-၁၂-၂၀၁၃ ရက်

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁-၂၀၁၄ ရက်၊ ၁၂း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**သံမဏိစက်ရုံများ ကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၄၁)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၈၃၄၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ Lime Plant အလုပ်ရုံတွင် စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက် - ၂၄-၁၂-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁-၂၀၁၄ ရက်၊ ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**သံမဏိစက်ရုံများ ကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၄၁)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၈၃၄၅**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ရွာမဓာတ်အားပေးစက်ရုံနှင့် သာကေတဓာတ်အားပေးစက်ရုံများအတွက် လိုအပ်သော Control Card နှင့် စက်အရံပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၃-၁၂-၂၀၁၃ ရက် |
| တင်ဒါပိတ်မည့်ရက် | - ၂၃-၁-၂၀၁၄ ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၂း၀၀ နာရီ |

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟသ်ာလမ်း)
## နှစ်ရှည်ငှားရမ်း(သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၁)အကြီးစား စက်ရုံ(သထုံ) လက်အောက်ရှိ ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟသ်ာလမ်း)ကို နှစ်ရှည်ငှားရမ်း(သို့မဟုတ်) အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ နှစ်ရှည်ငှားရမ်း (သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်မည့် စက်ရုံဧရိယာမှာ (ဈေးဆိုင်ခန်းများမပါ)(၂. ၇၅) ဧကဖြစ်ပါသည်။

၃။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန် ဖြစ်ပါသည်။

၄။ စိတ်ဝင်စားသူများအနေဖြင့် တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းများကို ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းတွင် ၂၄-၁၂-၂၀၁၃ရက် ၉း၀၀နာရီမှ စတင်၍ တစ်စုံလျှင် ကျပ်၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)ဖြင့်စတင်ဝယ်ယူနိုင်ပြီး ၇-၁-၂၀၁၄ရက်(အင်္ဂါနေ့) ၁၃း၀၀နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**

ROYAL STAR
ကိုရီးယား၊ အင်္ဂလိပ်၊ ဂျပန်
EPS-TOPIK
English
Japan
No.(311)

## ဆင်ပေါင်ဝဲမြို့နယ် သီးနှံရောနှောစိုက်ခင်းများသို့ ဒေသခံတောင်သူများ လေ့လာ

**မကွေး ဒီဇင်ဘာ ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် ကျေးလက်နေပြည်သူများ၏ သဘာဝအခြေအနေကောင်းများ ဖန်တီးပေးခြင်းသည် အရေးပါသောအခန်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သည်။ စိုက်ပျိုးရေးကို အဓိကထားသော မြန်မာနိုင်ငံတွင် သဘာဝဂေဟစနစ်ကောင်းမွန်၍ ဥတုရာသီနှင့် စိုက်ပျိုးမြေ၏မြေဆီမြေဩဇာကောင်းမွန်စေရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လွန်စွာအရေးကြီးလှသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဌာနသည် မြေဆီလွှာထိန်းသိမ်းခြင်း၊ လေထုညစ်ညမ်းမှုထိန်းသိမ်းခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်ဖွံ့ဖြိုးရေးတိုးတက်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ လိုက်လျောညီထွေနေထိုင်ခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးလုပ်ငန်းများတွင် ကျေးလက်နေပြည်သူများ ပူးပေါင်းပါဝင်လာစေရန်အတွက် ကျေးရွာများအရောက် ပညာပေးဟောပြောခြင်း၊ သရုပ်ပြခြင်း၊ လက်တွေ့ဆောင်ရွက်စေခြင်းများဖြင့် စည်းရုံးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ သရက်ခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်သာဂရလမ်းဘေးရှိ အောင်မြင်ဖြစ်ထွန်းနေသော သီးနှံရောနှောစိုက်ခင်း ၅ ဧက(၂၀၁၀-၂၀၁၁ခုနှစ်)နှင့် သီးနှံသစ်တောရောနှောစိုက်ခင်း ၁၅ ဧက (၂၀၁၁-၂၀၁၂ ခုနှစ်)များသို့ ဒေသခံတောင်သူများအား လေ့လာဖိတ်ခေါ်၍ သစ်တောရောနှောစိုက်ပျိုးနည်းစနစ်နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်းလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ပုံနှင့် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးပညာပေးလျက်ရှိကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် သစ်တောများ ရေရှည်တည်တံ့လာမည့်အပြင် ကျေးလက်နေပြည်သူများ သဘာဝအခြေခံကောင်းများ ဖော်ဆောင်ရာတွင် ပူးပေါင်းပါဝင်လာနိုင်ပြီး အခြေခံစားဝတ်နေရေးနှင့် လူမှုစီးပွားတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(မကွေး)**

## ခရီးသွားရင်း ပညာဗဟုသုတများရှာဖွေဖတ်ရှုနိုင်

**တိုက်ကြီး ဒီဇင်ဘာ ၂၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အများပြည်သူများ ပညာဗဟုသုတ ရှာမှီးရရှိစေရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ ခရိုင်နှင့် မြို့နယ်ရုံးများတွင် စာကြည့်တိုက်များ ဖွင့်လှစ်၍ သုတ၊ ရသ၊ စာစောင်များကို အခမဲ့ငှားရမ်းပေးခြင်း၊ ကျေးရွာပြည်သူများ အလွယ်တကူစာပေဖတ်ရှုနိုင်ရန် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ စာကြည့်တိုက်မျိုးကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက်၊ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ လှုံ့ဆော်ရေးစတစ်ကာများကပ်ခြင်း၊ စာအုပ်ပြပွဲများနှင့် ဟောပြောပွဲများ ကျင်းပပေးခြင်း အပြင် မြို့မြို့အနယ်နယ် လေဆိပ်၊ သင်္ဘောဆိပ်၊ ဘူတာရုံ၊ ဈေးအစရှိသည့် လူစည်ကားရာနေရာများတွင် စာပေရေချမ်းစင်ကြီးများနှင့် နံရံကပ်စာပေရေချမ်းစင်(မီနီ)များကို စဉ်ဆက်မပြတ်ထားရှိပေးလျက်ရှိသည်။ ယခုအခါ ခရီးသွားပြည်သူများ မိမိတို့၏ ပိုနေသောအချိန်တွင် စာအုပ်၊ စာပေများ ဖတ်ရှုခြင်းဖြင့် ပညာဗဟုသုတများ၊ အလွယ်တကူရရှိစေရန်အတွက် ဒီဇင်ဘာ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး(မြောက်ပိုင်းခရိုင်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးနှင့် ဝန်ထမ်းများက တိုက်ကြီး-ဆူးလေ (၁၃၂)ယာဉ်လိုင်း၊ အထူးယာဉ်လိုင်းနှင့် ဥက္ကံ-လသာ-ဆူးလေ(၁၅၂) ယာဉ်လိုင်းမှ ကားကြီးများနှင့် လှည်းကူး-လသာ(၁၃၅)မီနီဘတ်ယာဉ်လိုင်းများတွင် စာပေရေချမ်းစင်များ ထားရှိပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး စတစ်ကာများ ကပ်ခြင်းနှင့် ခရိုင်ဦးစီးအရာရှိက ခရီးသည်များအား စာပေရေချမ်းစင်များ ထားရှိပေးရခြင်း၏အကျိုးကျေးဇူးရရှိမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**(မြို့နယ်ပြန်/ဆက်)**

## ဝမ်းစာ

**သိဒ္ဓိမောင်ဒွေး**

ရုံးမှပြန်လာတဲ့ ကျွန်တော်မှာ ခရီးရောက်မဆိုက်ဆိုသလို ဇနီးသည် မရွှေတိုးက "ဝမ်းသာစကားပြောရဦးမယ်၊ ဆယ်တန်းအောင်ထားတဲ့ ရှင့်တူမနှစ်ယောက်တော့ အလုပ်ရသွားကြပြီတဲ့" "အေး ဟုတ်လား"လို့ ကျွန်တော်က ဝမ်းသာတဲ့အပြုံးအကြည့်များနဲ့ ပြန်ပြောလိုက်ပါတယ်။ "ဒါနဲ့ ဘယ်နေရာမှာ လုပ်ခဘယ်လောက်လဲ"လို့ ဆက်မေးလိုက်တဲ့အခါမှာတော့ "စားပြီးသောက်ပြီး တစ်နေ့သုံးထောင်တဲ့ အစ်ကိုရေ" "ဘာစားပြီးသောက်ပြီး အလုပ်ဆိုတော့ ဘာအလုပ်များလဲဟ"လို့ ပြန်မေးလိုက်တဲ့အခါ ဇနီးသည်က "မြို့ထဲက စားသောက် ဆိုင်ဟိုတယ်မှာဆိုပဲ၊ သီချင်းဆိုတဲ့ အလုပ်လို့ပြောတာပဲ" "ဟင်"လို့ ကျွန်တော့်မှာ သက်ပြင်းချလိုက်မိပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော့် အတွေးတွေဟာ ကမ္ဘာအနှံ့တိုင်းပြည်တွေဆီ ရောက်သွားပါတော့တယ်။

ထိုင်းနိုင်ငံကို ရောက်ခဲ့စဉ်က ဆွမ်းချိုင့်ဆိုတဲ့ ထိုင်းလူငယ်လေးနဲ့ စားသောက်ဆိုင်ဟိုတယ်တစ်ခုကို ရောက်သွားခဲ့ပါတယ်။ ဝင်ဝင်ချင်းတော့ အမြင်ဆန်းနေပါတယ်၊ စားချင်တာတွေမှာပြီးတော့ဆိုတာ ကတာတွေကြည့်ရင်းနဲ့၊ ယိုးဒယားလေးက သောက်စရာတွေမှာပါတော့တယ်၊ စာရေးသူက မသောက်တတ်တော့ သူချည်းပဲသောက်ပါတော့တယ်။

ပထမ သူ့ကိုကြည့်ရတာ ရီတီတီဖြစ်လာပုံရတယ်။ နောက်တော့ ဝေတေတေ၊ နောက်ဆုံးမှာတော့ ပါးစပ်က ဟိုအော်ဒီအော်သီချင်းတွေဆိုရာကနေ အဆိုတော်ဆီသွားပြီး ပန်းကုံးစွပ်တော့တာပဲ ပြီးတော့ အဆိုတော်ရဲ့ မေးဖျားလေးကို ဆွဲခဲ့ပြီးလာပြန်ထိုင်ပါတယ်။ နောက်တစ်ယောက် လာပြန်ပြီ မူးမူးတူးတူးနဲ့ အဆိုတော်မိန်းကလေးဆီသွားပြီး သရဖူဆောင်းပေးတယ်။ ပြီးတော့အတူတူတွဲက နောက်ပြီးမှ ပါးနှစ်ဖက်ကို တအားဆွဲပြီး ပြန်ဆင်းခဲ့တာတွေ့ရပါတယ်။ နောက်တစ်ယောက်ကျပြန်တော့ ပန်းကုံးနှစ်ကုံးဝယ်ပြီး တစ်ကုံးကို သူ့မှာစွပ်တယ်၊ ကျန်တစ်ကုံးကို အဆိုတော်ကို စွပ်ပေးပြီး ခါတ်ပုံတွေ တွဲရိုက်၊ ပိုက်ဆံတွေ ရင်မှာချိတ်ပေး၊ သူ့ပန်းကုံးကိုချွတ်၊ အဆိုတော်ကို ပြန်စွပ်ပေးပြီးမှ ပြန်ဆင်းခဲ့တယ်။ ဒီလိုနဲ့ ဆိုတာ၊ ကတာတွေတောင် မကြည့်ရဘူး၊ မူးမူးနဲ့အဆိုတော်ကို ဆွဲလားလွဲလားလုပ်ကြ၊ ဆုချကြလက်ခုပ်တီးပြီး အော်ကြ၊ ဟစ်ကြ၊ သောက်ကြ၊ စားကြနဲ့ အချိန်ကုန်တော့ အိမ်ပြန်ခဲ့ပါတယ်။ အဖြစ်လေးတစ်ခုကို ပြန်စဉ်းစားမိပြီး ကိုယ့်စိတ်ကို ကိုယ်ပြန်ဖြေလိုက်ပါ တယ်။

စမ်းရေအိုင်ငယ်လေးထဲမှ ငါးလေးတွေကို အိုင်စပ်ကခြေတံရှည်ကြီးနဲ့ ဗျိုင်းဖြူကြီးက အနားကပ်သွားပြီး ထိုးသုတ်မယ်လုပ်နေတာကို အိုင်နားက သစ်ပင်ရင်းမှာ တရားထိုင်နေတဲ့ ရသေ့ကြီးက မြင်တော့-

ငါးလေးတွေ ဗျိုင်းစားသွားမှာပူလို့ ခြောက်လှန့်လိုက်ရင် ကောင်းမလား၊ ငါလှန့်လိုက်လို့ ဗျိုင်းအစာမစားရဘဲ ပျံသွားရင်လဲ ငါများငရဲကြီးသွားမလား ဒါမှမဟုတ် ဒီလိုဗျိုင်းကိုလှန့်လိုက်တဲ့ ငါးလေးတွေ အသက်ချမ်းသာသွားရတဲ့အတွက် ငါ့မှာကုသိုလ်တော့ရကောင်းပါရဲ့လို့တွေးပြီး ဆရာရသေ့ကြီးထံ ပြန်မေး၊ ဆရာရသေ့ကြီးက "ငါ့တပည့်သတ္တဝါနှစ်ဦး သူအလုပ်သူလုပ်နေကြတာ၊ ကိုယ့်တရားသာ ကိုယ်မှတ်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်ပါ"လို့ ဆုံးမလိုက်သတဲ့။

ဖျံတွေနဲ့မတွေ့ပါစေနဲ့လို့သာ ဆုတောင်းပေးနေရမှာပါ. . . ။

## (၂၉)ကြိမ်မြောက်ယခင်အစိုးရအထက်တန်းကျောင်း အထက(၁)မော်ကျွန်းအာစရိယပူဇော်ပွဲကျင်းပမည်

အထက(၁)မော်ကျွန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက် (စနေနေ့) ညနေ၅နာရီတွင် အထက(၁)မော်ကျွန်း ကျောင်းရင်ပြင်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ၎င်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အပင့်ဖိတ်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ပညာသင်ယူကြသောကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် အခမ်းအနားဖြစ်မြောက်ရေးကော်မတီက တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အာစရိယပူဇော်ပွဲကို အလှူငွေထည့်ဝင်လိုသူများအနေဖြင့် ဦးစံသိန်း(နာယက)၀၄၂-၅၀၁၅၂၊ဦးလှစိုး(ဥက္ကဋ္ဌ)၀၄၂-၅၀၂၁၃၊ ဦးသောင်းဦး(အတွင်း ရေးမှူး)၊ ၀၉-၄၉၇၂၉၃၇၅၊ဦးချိုဝင်း -၀၉-၇၃၀၉၆၅၆၆၊ ဒေါ်မြမြအေး-၀၉-၄၅၀၀၃၂၆၂၄၊ Dr.ငွေထွန်း ၀၉-၃၇၂၂၅၇၀၄၊ Dr.ခင်ဇော်၀၉၅၀ ၁၃၉၉၇ တို့ထံ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ပါ ယာဉ်၊ယန္တရားများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

(က) MECHANICAL ROAD SWEEPER (5TONS)- ၁ စီး

(ခ) MINIEXCAVATOR (2TONS /3TONS)- ၁ စီး

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာများကို ၁၉-၁၂-၂၀၁၃ ရက်တွင် စက်ရုံနှင့် မော်တော်ယာဉ်ဌာန၌တစ်စုံလျှင် ၁၀၀၀၀/-နှုန်းဖြင့် စတင်ရောင်းချမည်ဖြစ်ပြီး ၃၀-၁၂-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီတွင် ၂၆ လမ်း၊ ၇၁×၇၂ ကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရုံး၌ အိတ်ဖွင့်တင်ဒါများအား ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါအောင်မြင်သူသည် ၂%ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၈၀၁၅၇၊ ၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ခေတ္တဌာနမှူး**
**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**

## မဟာရင်ဂိုဏ်းချုပ်ဆရာတော်၏ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏာပူဇာသဘင်

၂၀၁၃ ခုနှစ်၊ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြေညာစာအမှတ်(၁/၂၀၁၃)ဖြင့် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်းခံယူရရှိတော်မူသည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကတိုးရွာ၊ မဟာရင်ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော် ဩဝါဒစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဓမ္မယုတ္တိ ကနိကာယ-မဟာရင်ဂိုဏ်း၏ဂဏာဓိပတိ(ဂိုဏ်းချုပ်ဆရာတော်ကြီး) သဒ္ဒန္တအာဒိစ္စ မဟာထေရ်မြတ်ကြီးအား ဂုဏ်ပြုချီးကျူးပူဇော်မည့် "အဘိဓဇမဟာရဋ္ဌဂုရု-ဂုဏာပူဇာသဘင်"ကို ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်၊ ၂၉-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)တွင် ကတိုးရွာ မဟာရင်ပရိယတ္တိစာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဂုဏာပူဇာသဘင်ကျင်းပရေးဗဟိုကော်မတီ**
**မဟာရင်ပရိယတ္တိစာသင်တိုက်၊ ကတိုးရွာ**
**မော်လမြိုင်မြို့၊ မွန်ပြည်နယ်။**

## ပဲခူးမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အာစရိယပူဇော်ပွဲ

ပဲခူးမြို့၊ အထက(၃)ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏(၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၄ရက် (လွတ်လပ်ရေးနေ့)စနေနေ့ မွန်းတည့်၁၂နာရီမှ ညနေ ၁၄း၀၀နာရီအထိ ပဲခူးမြို့၊ ရွှေဝါထွန်းဟိုတယ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ၊ ကျောင်းသားဟောင်းများအားလုံး စုံညီစွာတက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ကျောင်းသား၊ကျောင်းသူဟောင်းများထံတွင် ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်

| | | | | | |
|---|---|---|---|---|---|
| ၁။ | ကိုဝဏ္ဏစန်းမောင် | ဖုန်း-၀၉-၅၁၇၅၆၀၇ | ၂။ | ကိုဆွေဆက်ထွန်း | ဖုန်း-၀၉-၇၃၂၀၀၆၁၁ |
| ၃။ | ကိုဇော်မျိုးကျော် | ဖုန်း-၀၉-၅၁၀၉၃၁၉ | ၄။ | ကိုသူရညွန့် | ဖုန်း-၀၉-၄၂၀၇၁၇၆၇၃ |
| ၅။ | ကိုမင်းမင်းဇင် | ဖုန်း-၀၉-၅၁၀၉၃၂၄ | ၆။ | ကိုမျိုးမင်းထွန်း | ဖုန်း-၀၉-၅၀၉၁၆၇၃ |
| ၇။ | ကိုအောင်မိုးဟန် | ဖုန်း-၀၉-၅၁၃၃၀၄၄ ဖုန်း-၀၅၂-၂၂၇၆၈ | ၈။ | ကိုညွန့်ဝင်း (မြစ်ကျိုးအပ်ချည်ကြယ်သီးဆိုင်၊ ပဲခူး) | ဖုန်း-၀၉-၅၃၈၀၄၉၂ |
| ၉။ | ကိုမျိုးဆွေ (စိန်ဟင်း လျှပ်စစ်စတိုး၊ပဲခူး) | ဖုန်း-၀၅၂-၂၃၆၇၇ ဖုန်း-၀၅၂-၂၃၆၇၉ | ၁၀။ | မသန္တာဆန်း | ဖုန်း-၀၉-၄၂၈၁၁၉၃၈၅ |
| | | | ၁၁။ | ကိုရန်နိုင် | ဖုန်း-၀၉-၅၃၀၀၆၄၃ |
| ၁၂။ | ကိုကောင်းမြတ်ဦး | ဖုန်း-၀၉-၅၃၀၀၁၆၄ | ၁၃။ | မအေးအေးမော် (သဇင်စာပေ)ပဲခူး | ဖုန်း-၀၅၂-၂၁၆၁၁ |

## (၁၀)နှစ်ပြည့်မင်္ဂလာဆုတောင်း

(၂၅-၁၂-၂၀၁၃)ရက်တွင် ကျရောက်သောဖေဖေ ဦးဟန်မျိုးဝေနှင့်မေမေဒေါ်အေးနှင်းဖြူတို့၏ (၁၀)နှစ်ပြည့်မင်္ဂလာနေ့ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့ဖွယ် မိသားစုဘဝလေးကို ဆက်လက်တည်ဆောက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်မြတ်နိုးခြင်းများစွာဖြင့်**
**သမီးကြီး-ကြည်စင်မေဦး**
**သားငယ်-ခွန်းဥက္ကာကျော်**

## ကျေးဇူးတင်ခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်း

သားသား၊ မီးမီးတို့ကို ချစ်၍လှူဒါန်းမှုအမျိုးမျိုးကို လှူဒါန်းခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ စေတနာ၊ မေတ္တာ၊ ကရုဏာထားခြင်း၊ လိုအပ်သည့်ဘက်မှ ကူညီထောက်ပံ့ကြသော လူမျိုးမရွေး၊ ဘာသာမရွေး အလှူရှင်များအားလုံး၊ ကူညီအားပေးကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေး၊ လူမှုရေး၊ စိတ်ဓာတ်ရေးရာမှစ၍ မေတ္တာထားပြီး ဝိုင်းဝန်းကူညီကြသော ရပ်နီးရပ်ဝေးမှ မေတ္တာရှင်၊ စေတနာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ခရစ္စမတ်အချိန်အခါတွင် ငြိမ်သက်ခြင်း၊ အေးချမ်းသာယာခြင်း၊ ပျော်ရွှင်ခြင်းတို့နှင့် လာမည့်နှစ်သစ်တွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျမ်းမာခြင်းနှင့် ပြည့်စုံကြပါစေ။

**သားသား၊မီးမီးများ**
**မြတ်မေတ္တာ(Grace Home)**
**ကလေးသူငယ်စောင့်ရှောက်ရေးရိပ်မြုံ**

# ရေဆိုးရေညစ်

**သစ်ပင်ချစ်( Env Eng)**

ရေဆိုးရေညစ်တို့သည် လူနေအိမ်များမှ စွန့်ပစ်သည့် ရေဆိုးရေညစ် (Domestic Wastewater)၊ စက်ရုံများမှ စွန့်ပစ်သည့် ရေဆိုးရေညစ် (Industrial Wastewater) နှင့် စည်ပင်သာယာမှစွန့်ပစ်သည့် ရေဆိုးရေညစ် (Municipal Wastewater)ဟူ၍ သုံးမျိုးခွဲခြားနိုင်သည်။

မိုးရေ၊ မြစ်ရေ၊ ချောင်းရေများနှင့် မြေအောက်ရေများသည် စွန့်ပစ်သည့် ရေဆိုးရေညစ်များအတွင်းသို့ ဝင်ရောက်ကာ စွန့်ပစ်သည့်ရေဆိုးရေညစ်များ၏ ပမာဏကို များပြားစေသည်။ စွန့်ပစ်သည့်ရေဆိုးရေညစ်၏ ရင်းမြစ်ကိုလိုက်ကာ ယင်း၏ ဝိသေသလက္ခဏာနှင့် သန့်စင်သည့် နည်းလမ်းများလည်း ကွဲပြားခြားနားပေသည်။ ဥပမာ လူနေအိမ်များမှ စွန့်ပစ်သည့် ရေဆိုးရေညစ်တွင် မစင်၊ ထမင်းကျန်ဟင်းကျန်များ၊ ဟင်းချက်ဆီများနှင့် အမြှုပ်များ၊ ဆပ်ပြာမှုန့်ဓာတ် ပစ္စည်းများ၊ အဝတ်အစအနများနှင့် အနည်အနှစ်တို့ဖြစ်သည်။ စက်ရုံများမှစွန့်ပစ်သည့် ရေဆိုးရေညစ်တို့တွင် အဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများ၊ အလွန်အားပြင်းသော အော်ဂဲနစ်ပစ္စည်းများ၊ ရေဒီယိုဓာတ်သတ္တုကြွပစ္စည်းများ၊ များပြားလှသောအနည်အနှစ်များ၊ အပူချိန်ပါဝင်သော စွန့်ပစ်ပစ္စည်းရေတို့ဖြစ်သည်။ ထို့အတူ ရေဆိုးရေညစ်တို့သည် မိုးရာသီတွင် ကားရပ်နားစခန်းနှင့် လမ်းမကြီးပေါ်တို့မှတစ်ဆင့် မော်တော်ယာဉ်သုံး အင်ဂျင်ဆီများ၊ ဓာတ်ဆီများ၊ ပိုးသတ်ဆေးများ၊ ပေါင်းပင်သတ်ဆေးများနှင့် အနည်အနှစ်များပါဝင်ကြသည်။ စည်ပင်သာယာမှ စွန့်ပစ်သည့် ရေဆိုးရေညစ်တွင် လူနေအိမ်များမှ စွန့်ပစ်သည့်ရေဆိုးရေညစ်နှင့် စက်ရုံများမှ စွန့်ပစ်သည့် ရေဆိုးရေညစ်များ ရောစပ်ထားသည့်အရာဖြစ်သည်။

ရေဆိုးရေညစ်တွင်ပါဝင်သည့် စွန့်ပစ်အမှိုက်သရိုက်များသည် အထူးသဖြင့် လူနေအိမ်များမှ စွန့်ပစ်သည့် ရေဆိုးရေညစ်များသည် မြစ်အောက်ခြေတွင် စုဝေးလာကာ ငါးများပေါက်ပွားခြင်းတွင် အဟန့်အတားဖြစ်စေကာ အချို့ငါးမျိုးစိတ်များအား မျိုးသုဉ်းစေသလို အနံ့အသက်များလည်းဖြစ်ပေါ်စေနိုင်သည်။

ထို့အတူ စွန့်ထုတ်လိုက်သည့် ရေဆိုးရေညစ်များတွင် အော်ဂဲနစ်ဓာတ်ပစ္စည်းများ (ဟင်းသီးဟင်းရွက် အမှိုက်များ၊ ဟင်းချက်အဆီ ပရိုတင်း၊ သကြားနှင့်စက္ကူ) နှင့် အင်အော်ဂဲနစ်ဓာတ်ပစ္စည်းများ (သတ္တုဓာတ်ပစ္စည်းများ၊ ကလိုရိုက်၊ ဆာဖိုက်၊ နိုက်ထရိုဂျင်နှင့် ဖော့စဖရက်)ဟူ၍ နှစ်မျိုးခွဲခြားပါဝင်နိုင်သည်။

အော်ဂဲနစ်ဓာတ်ပစ္စည်းတွင် ပါဝင်သည့်ရေဆိုးရေညစ်သည် အောက်ဆီဂျင်လျော့နည်းသွားခြင်း (Oxygen delpection)ကို ဖြစ်စေကာ အောက်ဆီဂျင်သုံး အသက်ရှူကြသော ဗက်တီးရီးယားများ (Aerobic Bacteria)သည် အောက်ဆီဂျင်အသုံးပြုမှု ပိုများပြားစေကာ တခြားရေနေသတ္တဝါများသေကျေရသည်။ ရေတွင်ပါဝင်သော အောက်ဆီဂျင်များအားလုံးကို အသုံးပြုပြီးနောက် ပတ်ဝန်းကျင်တွင် အောက်ဆီဂျင် အသုံးမပြုဘဲ အသက်ရှူသော ဗက်တီးရီးယားများ (Anaerobic Bacteria) စတင်ကြီးထွားလာသည်။ ယင်းဗက်တီးရီးယားများသည် အောက်ဆီဂျင်မရှိသော ရေတွင် အောက်ဆီဂျင်ကို ဆာဖိတ် ($So_4$) မှ ရယူကာ ဟိုက်ထရိုဂျင်ဆာဖိုက် ($H_2S$) ကို စွန့်ထုတ်လိုက်သောကြောင့် ရေဆိုးလက်ခံမြစ်ချောင်းများသည် အနံ့ဆိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အတူ အော်ဂဲနစ်အက်စစ်၊ မီသိန်းဓာတ်ငွေ့နှင့် အာဟာရဓာတ် (နိုက်ထရိုဂျင်နှင့် ဖော့စဖရက်)တို့ကို စွန့်ထုတ်ပစ္စည်းအနေဖြင့် ထပ်မံထုတ်လွှတ်သောကြောင့် လူမှုဘဝနှင့်ပတ်ဝန်းကျင်အပေါ် များစွာထိခိုက်ပျက်စီးစေနိုင်သည်။

အာဟာရဓာတ် (နိုက်ထရိုဂျင်နှင့်ဖော့စဖရက်)သည် သစ်ပင်နှင့် တိရစ္ဆာန်များကြီးထွားခြင်းအတွက် လိုအပ်သောအရာဖြစ်သည်။ ယင်းအာဟာရဓာတ်နှစ်မျိုးကို ရေဆိုးရေညစ်တွင် တွေ့ရှိနိုင်သည်။ ရေဆိုးရေညစ်တွင် နိုက်ထရိုဂျင်ကို အမိုးနီးယား($NH_3$)၊ အမိုးနီးယွန်းအိုင်းယွန်း($NH_4^+$)၊ နိုက်ထရိုက် ($NO_2^-$)၊ နိုက်ထရိတ်($NO_3$)နှင့် အော်ဂဲနစ်နိုက်ထရိုဂျင်ပုံစံတို့ဖြင့် တွေ့မြင်နိုင်သည်။ ဖော့စဖရက်ကို ဖော့စဖိတ် ($PO_4$) ပုံစံဖြင့်တွေ့မြင်နိုင်ပါသည်။ ရေတွင်ဖော့စဖရက်နှင့် နိုက်ထရိုဂျင်ပမာဏများပြားခြင်းသည် ရေညှိ၊ ရေမှော်များကို ကောင်းစွာကြီးထွားစေကာ ရေတွင်ပျော်ဝင်နေသော အောက်ဆီဂျင်ကို များစွာရယူကာ ရေတွင်အောက်ဆီဂျင်ပျော်ဝင်မှု နည်းပါးလာသလို ရေအောက်ခြေနေရောင်ခြည်ရရှိမှု လျော့နည်းလာကာ ရေနေသတ္တဝါများ၏ စားကျက်ပျက်သုဉ်းကာ မျိုးသုဉ်းပျက်စီးစေသည်။ ထို့အတူ အမိုးနီးယားပါဝင်မှုများပြားခြင်းသည် သောက်သုံးရေအဖြစ်သန့်စင်ရာတွင် ကလိုရင်းနှင့် ဓာတ်ပြုကာ ကင်ဆာဖြစ်စေနိုင်သော ဓာတ်ပစ္စည်းအဖြစ်ပြောင်းလဲစေနိုင်သည်။ မြေအောက်ရေတွင် နိုက်ထရိတ် (အမိုးနီးယားကို ဗက်တီးရီးယားများမှ ဓာတ်ပြုလိုက်ခြင်း) ပါဝင်မှုများပြားခြင်းသည် မြေအောက်ရေထုကို ညစ်ညမ်းစေကာ သောက်သုံးသူကို Methemoglobinemia (သွေးအတွင်းအောက်ဆီဂျင်သယ်ဆောင်မှု လျော့ကျလာခြင်း)ရောဂါကို ဖြစ်စေနိုင်သည်။

ထို့အတူ ရေဆိုးရေညစ်များတွင် ရောဂါပိုးမွှားများစွာပါဝင်သည်။ အထူးသဖြင့် ကာလဝမ်းလျှောရောဂါပိုး၊ ပိုလီယိုရောဂါပိုး၊ တိုက်ဖွိုက်ရောဂါပိုးနှင့် အသည်းရောင်အသားဝါရောဂါပိုးတို့ကို သယ်ဆောင်လာသည့်အတွက်ကြောင့် မြစ်ချောင်းအတွင်း မစွန့်ပစ်မီပိုးသတ်ခြင်းအဆင့်ကို ဆောင်ရွက်ပြီးမှ စွန့်ပစ်ရန်လိုအပ်ပြန်သည်။ ရေဆိုးရေညစ်သန့်စင်သည့် အဆင့်လေးဆင့်ရှိသည်။ ပထမအဆင့်တွင် အမှိုက်သရိုက်များကို ဖယ်ရှားသည်။ ဒုတိယအဆင့်တွင် အနည်ကျနိုင်စွမ်းရှိသော အော်ဂဲနစ်ပစ္စည်းများကို အနည်ကျစေသောနည်းဖြင့် ဖယ်ရှားကာ တတိယအဆင့်တွင် ကျောက်ချဉ်(သို့မဟုတ်) ဒုတ္တာထည့်ကာ Coagulatio နှင့် Flocculation နည်းဖြင့်သေးငယ်သော အမှုန်များ၊ နိုက်ထရိုဂျင်နှင့် ဖော့စဖရက်ကို ပေါင်းစည်းအနည်ကျစေသည်။ ထို့နောက်ပိုးသတ်ကာ မြစ်ချောင်းအတွင်းသို့ စွန့်ပစ်ကြသည်။ သို့သော် တတိယအဆင့်တွင် သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်း မဖယ်ရှားနိုင်သောကြောင့် စတုတ္ထအဆင့်တွင် ထပ်မံရေတွင်ပျော်ဝင်နေသော နိုက်ထရိုဂျင်နှင့်ဖော့စဖရက်ကို အဓိကထားဖယ်ရှားသည်။ ၎င်းအဆင့်သည် နိုင်ငံတစ်နိုင်ငံ၏ ပထဝီအနေအထားနှင့် ကိုက်ညီအောင် ဆောင်ရွက်ရသည်။ အထူးသဖြင့် အပူချိန်ကွာဟချက်ကြောင့် လုပ်ငန်းတစ်ခုလုံးကောင်းစွာ မလည်ပတ်နိုင်သည့် အခြေအနေ၊ ပြဿနာကြုံတွေ့နိုင်သည်။ ယနေ့ မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်တွင် အမိုးနီးယားပါဝင်မှုများနေခြင်း၊ မာကျူရီ(ပြဒါး)ပါဝင်နေမှုများပြားနေခြင်း၏ ရင်းမြစ်များကို ရှာဖွေဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဆောင်ရွက်သင့်သည်။ ထို့အတူ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံနှင့် ကိုက်ညီသော နည်းပညာများကို ရှာဖွေကာ တိကျခိုင်မာသော ဥပဒေနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ပေးရန် သုတေသနပြုလုပ်ရန် လိုအပ်နေကြောင်း ရေးသားလိုက်ရပါသည်။



## မဒေါက်မြို့၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြော

**ညောင်လေးပင် ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေးဟောပြောပွဲကို မဒေါက်မြို့ တရုတ်ဘုံကျောင်းခန်းမ၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးလွင်က ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် ပြည်သူများလိုက်နာရမည့် တာဝန်ဝတ္တရားများနှင့် ရပ်/ကျေး သန်းခေါင်စာရင်းကော်မတီမှ ဆောင်ရွက်ရမည့် အချက်အလက်များအား ရှင်းလင်းပြောကြားကာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူး ဦးထွန်းထွန်းက ပြည်သူများအား မေးမြန်းမည့်မေးခွန်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ပြည်သူများက သိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတိုက်နယ်မှူးများက ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

**ခင်မောင်လွင်(ညောင်လေးပင်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ် (၃၇၄)၊ ဦးပိုင်အမှတ်(၁၈)၊ ရောထွန်း×မြသီတာ၊ အောင်ရတနာနှင့် မင်းရတနာထွန်းဈေးကြား၊ ဦးဘိုရှန်အမည်ပေါက် ဂရန်မြေကွက်အား ဦးဘိုရှန်[၉/မနတ(နိုင်)၀၄၀၇၀၀]၏ ဂရန်သက်တမ်းမှာ ကုန်ဆုံးပြီး ဂရန်မူရင်းမှာ အထားအသိုမှားယွင်း၍ ပျောက်ဆုံးနေပါသဖြင့် ဂရန်မူရင်းပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး/ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းတောင်ရပ်ကွက်၊ အကွက်အမှတ် (၉၀၃)၊ ဦးပိုင်အမှတ်(၄-က)၊ ဦးပွားဝိုးကျော်မြောက်ဘက်၊ အလက(၅)အမည်ပေါက် ဂရန်မြေကွက်အား အလက(၅)(ထ-ခွဲ)၏ ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ဂရန်ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (ဘ-၂)၊ ဦးပိုင်အမှတ် (၂၅-ခ)၊ ၅၇×၅၈ကြား၊ ကျန်စစ်သား×ပျူစောထီးကြား၊ ဦးထွန်းအောင်အမည်ပေါက် တောဂရန်မြေကွက်အား ဦးထွန်းအောင်(MTA- ၁၆၈၁၇၂)၏ တောဂရန်မူရင်းမှာ ရေစို၍ ပျက်စီးသွားပါသဖြင့် ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



## မင်္ဂလာဒုံ၊ သဃ်န်းကျွန်းကြီး၊ ဇောတိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာနှင့် လှည်းကူးမြို့ မြသန္တိမဟာစည်သာသနာ့ရိပ်သာ၏ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တဝိလာသဂ္ဂ၏ ကံမြင့်ကျောင်းတိုက်ညအချိန်ပိုင်းအထူးတရားစခန်းပွဲလျှောက်ထားခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဆရာတော်ဘဒ္ဒန္တဝိလာသဂ္ဂအရှင်သူမြတ်မှ ညစဉ် ၇နာရီတိတိအချိန်၌ ညအထူးဝိပဿနာတရားပွဲနှင့် ညအချိန်ပိုင်းတရားစခန်းပွဲကို ၂၅-၁၂-၂၀၁၃ ရက်မှ ၃-၁-၂၀၁၄ရက်အထိ (၁၀)ညတိုင် ကျင်းပမည်ဖြစ်ရာ ကြွရောက်တရားနာ၊ တရားအားထုတ်နိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်ကိုး၍ လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

**ကံမြင့်ဝေယျာဝစ္စအဖွဲ့**

## မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

တပ်မတော်(လေ) (၁/၇၉)သူငယ်ချင်းများ၏ (၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆရာများကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲအား အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်) တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ရက်စွဲ | - | ၁၂-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) |
| အချိန် | - | ၉ နာရီ |
| နေရာ | - | မင်္ဂလာတောင်တော်ဦးကျောင်းတိုက်<br>ထန်းပင်ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် |
| ဆက်သွယ်ရန်ဖုန်း | - | ၀၉-၃၁၁၁၁၀၉၅၊ ၀၉-၄၉၂၃၈၆၃၇၊ ၀၉-၇၃၂၅၄၅၇၃၊<br>၀၉-၅၄၁၀၆၆၁၊ ၀၉-၄၂၀၀၃၁၆၃၄ |



အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

[illegible]

(ရွှေပုဇွန်မီးဖိုကြီး)

အသက် (၈၃) နှစ်

[illegible]

ELDORADO BAKE HOUSE မိသားစု နှင့်

[illegible]

# အမြန်ရောင်းမည်

BACK HOE KOBELCO (Japan)

Model -SK ,330-8(1.8m$^3$)

အသုံးပြုပြီး နာရီ-6400

ဈေးနှုန်း-သိန်း ၇၅၀

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၅၀၅၅၃**

## ဖခင်အမည်မှန်

မှော်ဘီမြို့၊ တပ်ကြီးကုန်း အထက စတုတ္ထတန်း(A)မှ မစံလော်မီးလယ်မယ်နှင့် တတိယတန်း(A)မှ မရွှယ်ချိမီးလယ်မယ်တို့၏ ဖခင်အမည်မှန်မှာ ဦးဖူးယော်ဟဲ့[၁/ပတအ(နိုင်)၀၂၇၇၄၈] ဖြစ်ပါသည်။

**ဦးဖူးယော်ဟဲ့**

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်စောမြ(စစ်တွေ) အသက်(၇၆)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ကမ်းနားလမ်း၊ ငွေနဒီတိုက်တန်း၊ B6(6) နေ (ဦးဦးထွန်း-ဒေါ်မနှင်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဘောက်ထော်နေ (ဦးစိန်ထွန်းအောင်-ဒေါ်စိုးစိုး)တို့၏ သမီးချွေးမ၊ အငြိမ်းစားဆရာ၀န်ကြီး (ဦးကျော်လှ)၏ ဇနီး၊ ဦးအောင်ကျော်ဇော-ဒေါ်မမြအေး၊ (ဦးအောင်ကျော်၀င်း)-ဒေါ်ခင်သန်း၊ (ဦးအောင်ကျော်မင်း)၊ဗိုလ်မှူးကြီးကျော်ညွန့်ဦး-ဒေါ်နှင်းအေးစောတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်စောမြသည် ၂၂-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၀း၃၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူ အားရည်စူး၍ ၂၈-၁၂-၂၀၁၃(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရား တော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ချို အသက်(၇၇)နှစ်

**(ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း)(မြန်မာ့စီးပွားရေးဘဏ်)**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ (ဦးဝေ-ဒေါ်စု)တို့၏သား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၁၇၀)၊ ပထမထပ် (ဝဲ)နေ ဦးဝင်း လွင်အောင်(ခ)ဦးဝင်းလွင်အောင်ချို (တရားလွှတ်တော်ရှေ့နေ) (ဘဏ်ဥပဒေ အကျိုးဆောင်) - ဒေါ်ခင်နန်းမြင့် (ပါမောက္ခ၊ အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးမြင့်စိုး(မြန်မာ့စီးပွားရေးဘဏ်-၃)-ဒေါ်သီတာအောင်(ရောဝတီဘဏ်၊ တာချီ လိတ်)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့ တော်နေ ဦးကျော်မိုးအောင်(ဘဏ်ရာဖြတ်)-ဒေါ်အေးအေးအောင်၊ သန်လျင်မြို့၊ နတ်စင်ကုန်းကျေးရွာနေ ဦးမင်းသွင်အောင်-ဒေါ်ဌေးဌေး၊ တောင်ကြီးမြို့နေ ဦးသန်းနိုင်-ဒေါ်ရီမာ အောင်ချိုတို့၏မွေးသဖခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒဂုံဆိပ်ကမ်း မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (စီ-၁၀)လမ်း၊ တိုက်(၃၀)၊ အခန်း(၂၀၂)နေ (ဒေါ်စိန်စု)၏ ခင်ပွန်းသည် ၂၀-၁၂-၂၀၁၃(သောကြာနေ့) ညနေ ၄နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူ အားရည်စူး၍ ၂၆-၁၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၂နာရီအထိ ယုဇနဥယျာဉ် မြို့တော် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

# ဒေါ်နွယ်လင်းရှိန်(ညော့လမ်းညွန်)

- စိတ်ကောင်းရှိ၊ သီလမြဲ၊ နှလုံးလှ ဖြောင့်မတ်သူတို့ထုံးစံ ဟောဟော ဒိုင်းဒိုင်း ပြောတတ်သူ
- ကူညီရန်ဆို ဘယ်ခါ၀န်မလေး၊ ကျွန်မက ခနေ ပြတ်သားတယ်ဆိုတဲ့သူငယ်ချင်း။
- တာဝန်ကိုဦးထိပ်ထား၊ ကိုယ်လွတ်ရုန်းလို့ရရက်နဲ့ ညော့သည်အပေါ်တာဝန်ကျေ၊ အသက်ပါပေးခဲ့တာ တစ်နှစ်ပတ်လည်ခဲ့ပေါ့။
- ဒီတစ်နှစ်ပတ်လုံး၊ တို့နှလုံးတွေနွမ်းလျ အချိန်တိုင်းနေရာတိုင်း မင်းရဲ့အရိပ်ကလွှမ်း။
- တို့တစ်တွေ ခရီးစီစဉ်၊ မင်းကရိပ်သာ၀င်၊ အိမ်အပေါ်သံယောဇဉ်ကြီး။ နိုင်ငံခြားခရီးလက်မှတ်ရတာတောင်ရက်ကိုရွှေ့။
- ဒီရာသီကလေးပဲ အလုပ်လုပ်ရတာဆိုပြီး ခုတော့သံသရာခရီးတစ်ကိုယ်တည်းနှင်နှင့်ပြီပေါ့။
- သွားနှင့်သူငယ်ချင်း တရားသဘောစောကြောမိပေမယ့်
- အစိမ်းချွေ ချွေခံရ၊ အရည်အချင်းပြည့်သူတစ်ဦးဆုံးရှုံးရ
- တို့ရဲ့ရင်မှာတသသ

(ခရီးတွေလွန်နေရင်လည်းပြန်ခဲ့ပါတော့။ တို့တွေလွမ်းလွန်းလို့ပါ။ ကံမကုန်ရင်ဆုံချင်တယ်)

**ဌေးဌေးမေ၊ ချိုချိုသန့်၊ သိင်္ဂီအောင်**

## မနွယ်လင်းရှိန်(ညော့လမ်းညွန်)

သမီးကြီး

တစ်နှစ်ဆိုပေမယ့် မနေ့ကလိုဘဲ အချိန်နဲ့အမျှ ခံစားနေရတယ်။ ပြုပြုသမျှ ကုသိုလ်ကောင်းမှုများ အတူတူပြု၊ အတူတူအမျှဝေပြီး အတူတူ သာဓုခေါ်ကြရအောင်။ မိသားစုထဲမှာ သမီးကြီး ကအတူရှိနေဆဲပါ။

မစုကြီး အရိပ်တွေနေရာအနှံ့မှာ

**ကျန်ရစ်သူမိသားစု**

# (၉)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဦးတင်မောင်ဝင်း

**ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)**

**မြန်မာ့သစ်လုပ်ငန်း**

ချစ်လှစွာသောမိသားစုနှင့်ခွဲခွာသွားသည်မှာ ယနေ့ ၂၅-၁၂-၂၀၁၃ရက်တွင် (၉)နှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရဆဲပါ။ ‘ကို့’အတွက် နေ့စဉ်၊ လစဉ်၊ နှစ်စဉ်နှင့်အမျှ ပြုခဲ့သောကုသိုလ်အလှူဒါန အစုစုတို့အတွက် ကောင်းမြတ်သောဘုံဘ၀မှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး** - **ဒေါ်မြဝင်း(ခ)ဒေါ်မြမြဝင်း(၃၄/၈၅၈)၊မြောက်ဒဂုံ**
**သမီးကြီး** - **မဝင်းနုနုဝင်း(ခေတ္တ-U.S.A)**
**သမီးလေး** - **မစုသွယ်သွယ်ဝင်း(ခေတ္တ-AUS)**
**သားငယ်** - **မောင်ဉာဏ်ပေါ်ထွန်း-မအေးမြသီတာကျော် (ခေတ္တ-S'pore)**

## (၉)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးတင်မောင်ဝင်း**

**(ဒုတိယအထွေထွေမန်နေဂျာမြန်မာ့သစ်လုပ်ငန်း)**

[illegible]

[illegible]

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

[illegible]

# အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အာရုံခံတန်ဆောင်းဒါယိကာမကြီး**

# ဒေါ်သန်း

# အသက်(၈၈)နှစ်

၂၁-၁၂-၂၀၁၃ရက်(စနေနေ့) ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားသည့်မြင်းခြံမြို့၊ ဗိုလ်ချုပ်လမ်းတွင်နေထိုင်သော ရွှေဟင်္သာဖိနပ်လုပ်ငန်းပိုင်ရှင် ဦးမြမောင်၏ဇနီးဒေါ်သန်း အသက်(၈၈)နှစ်၏နာရေးကိစ္စများကို အစစအရာရာကူညီပေးကြပါသော ဆွေမျိုးမိတ်ဆွေများအားလုံးနှင့် မန္တလေးမြို့ မြတ်သုခဆေးရုံ၌ တက်ရောက်ဆေးကုသခံခဲ့စဉ်အတွင်း အစစအရာရာလိုလေသေးမရှိ မိဘသဖွယ်ပြုစုကုသပေးခဲ့ကြသော ပါမောက္ခဒေါက်တာဒေါ်နွယ်နီ (အစာအိမ်နှင့်အူလမ်းကြောင်းအထူးကုသမားတော်ကြီး)၊ ဒေါက်တာဦးထွန်းအောင်ကျော် (အထွေထွေရောဂါအထူးကုသမားတော်ကြီး)၊ မြတ်သုခဆေးရုံအုပ်ကြီးနှင့်တကွ ဆရာ၀န် ဆရာမများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

# လွမ်းဆွတ်သတိရခြင်း

**ဖခင်ကြီး ဦးအောင်သိန်း(ခ)ဦးရယ်ဂျီ(၁၀)နှစ်ပြည့်**

**မိခင်ကြီး ဒေါ်စိန်ကြည်(၆နှစ် ၉လပြည့်)**

**မမကြီးဒေါ်သီသီအောင်(ခ)ဒေါ်ဘေဘီသိန်း (၂၅)နှစ်ပြည့်(ဒလမြို့)**

မြင့်မြတ်နှလုံးသားပိုင်ရှင်များဖြစ်သော ကျေးဇူးရှင်ဖခင်ကြီး၊ မိခင်ကြီးနှင့် မမကြီးတို့ကို ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်သမျှ ကောင်းမှုအစုစုတို့ကို မြင့်မြတ်သောဘုံဘ၀မှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ကျေးဇူးအနန္တကိုအောက်မေ့သတိရလျက်**

**ချစ်သား၊ ချစ်သမီးနှင့်ချစ်မြေးများ**

## ဝမ်းနည်းကြေကွဲခြင်း
## (ကြည်း-၂၇၅၁၈)ဒုတိယဗိုလ်မှူးကြီးတင်မောင်ဦး
**(O.T.S-94)**
**စစ်ဦးစီးမှူး(ပထမတန်း)၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်**

ကြည်း-၂၇၅၁၈ ဒုတိယဗိုလ်မှူးကြီးတင်မောင်ဦး (O.T.S-94) စစ်ဦးစီးမှူး (ပထမတန်း)၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်သည် (၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်) ၂၄-၁၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ-

**(O.T.S-94) မှသူငယ်ချင်းများ**

---

ရဟန်း၊ ကျောင်း ဒါယကာ
## ဦးခင်မောင်ရင်(စလင်း) (၇၂)နှစ်
**(M.A, Economics)**
**Advisor ရိုးမဘဏ်လီမိတက်၊ ဗဟိုဘဏ်(ငြိမ်း)**

စလင်းမြို့နေ(ဦးပွကြီး-ဒေါ်ဒွေး)တို့၏သား၊ Dr.ဒေါ်တင်တင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုလင်းထူးအောင်(Global Link Co) -Dr.အေးမြတ်မြတ်မွန်တို့၏ဖခင်၊ ဦးအောင်ငြိမ်း-ဒေါ်အေးအေးတို့၏ညီ၊ ဦးခင်မောင်တင်-ဒေါ်ချိုချိုမြင့်၊ ဒေါ်ခင်လှမြင့်၊ ဒေါ်ခင်စိန်နိုင်၊ ဒေါ်ရင်ရင်မြ(USA)၊ ဦးမောင်မောင်စိုးတို့၏ အစ်ကိုသည် ၂၄-၁၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၃နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ်(၂၇)၊ (၇)လမ်း၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိန်မြင့် (၆၈)နှစ်
**စာတိုက်၊ ကြေးနန်းနှင့်သတ္တုတွင်းလက်ရွေးစင်ဘောလုံးသမားဟောင်း (ဘခရေ၊ အငြိမ်းစား)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ခြံအမှတ်(၈၀)ရေတာရှည်လမ်းဟောင်းနေ (ဦးပြား)-ဒေါ်သောင်းတို့၏သားကြီး၊ ဒေါ်ထွေးကြည်(ခ) ဒေါ်နီတာ၏ခင်ပွန်း၊ ဦးအောင်သက်-ဒေါ်မြမြဝင်း၊ ဦးဝင်းမြင့်-ဒေါ်သောင်းသောင်းမြင့်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်စမ်းစမ်းအေးတို့၏အစ်ကိုကြီး၊ ကိုအောင်သီဟ(ခ)ဘိုးတူ-မနွယ်နီထွန်း၊ မအေးသီတာ(ခ)အေလာတို့၏ဖခင်၊ မောင်ဟိန်းစည်သူ၊ မောင်အောင်ပြည့်ကျော်၊ မမေဆုပိုင်တို့၏ ချစ်လှစွာသော အဘိုး၊ တူ၊တူမ ခုနစ်ယောက်တို့၏ ဘကြီးသည် ၂၃-၁၂-၂၀၁၃(တနင်္လာနေ့) နံနက် ၈း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**သံတွဲခရိုင်အသင်း(ရန်ကုန်)**
## ဦးစောရွှေ(သံတွဲ) (၅၈)နှစ်
**ကျန်းမာရေးကြီးကြပ်(၂)ငြိမ်း**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဘုံရှည်ကုန်းကျေးရွာ(၅/၇၉)၊ ပန်းဇကရီလမ်းနေ(ဦးသာနှင်း-ဒေါ်သိန်းမေ)တို့၏သား၊ ဒေါ်ခင်မြင့်ရီ(သားဖွားဆရာမ၊ လှော်ကားကျန်းမာရေးဌာန)၏ခင်ပွန်းသည် ၂၃-၁၂-၂၀၁၃ရက် နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ဘုံရှည်ကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (လှော်ကားကားစီး၍ သံဖြူဆိုင်မှတ်တိုင်ဆင်းရန်။)

အမှုဆောင်အဖွဲ့

---

## ဦးအောင်ဝင်း(၅၂)နှစ်
**ဌာနစုမှူး၊အင်ဂျင်နီယာဌာန(ရေသန့်) မြို့တော်စည်ပင်**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်နေ(ဦးရွှေ)-ဒေါ်ပေါက်စတို့၏သား၊ ဦးအေးပို-ဒေါ်မြင့်ကြည်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးရေကူး ရေတွန်းစက်ရုံ ဝန်ထမ်းအိမ်ရာနေ ဒေါ်ဝင့်ဝင့်ခိုင်၏ ခင်ပွန်း၊ မယွန်းယွန်း(ခ)မယဉ်ယဉ်သွယ်၊ မောင်ဇေယျာဖြိုးတို့၏ ဖခင်သည် ၂၃-၁၂-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ရေကူးရေစက်ဝင်း ဝန်ထမ်းအိမ်ရာမှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကိုထက်လင်းအောင်(ခ)နေအောင် အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ တိုက်အမှတ်(၁)၊ အခန်း(၃၀၃)၊ အောင်ဇေယျရိပ်မွန်နေ (ဦးဇော်ဝင်းဦး)-ဒေါ်မူမူတို့၏ သား၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်စန်းဦးတို့၏ သားသမက်၊ မောင်ကျော်သူရဇော်၊ မောင်ပြည့်ဖြိုးဇော်တို့၏ အစ်ကို၊ မရွှေသဇင်ထွန်း၏ ဖခင်၊ မရွက်ဝေဖြိုး (Trocaire)၏ခင်ပွန်းသည် ၂၃-၁၂-၂၀၁၃ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်သိန်း(၇၇)နှစ်
**(ဆရာပြောင်ကြီး ဆေးတို့ဖတ် ဆေးတိုက်ပိုင်ရှင်)**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၂၈)နေ ဦးအောင်မျိုးမင်း-ဒေါ်နုနုခိုင်၊ ဦးနေမျိုးမင်း-ဒေါ်အေးချောစုစုံ [စောင်းကောက်ဖိနပ်၊ မန္တလေး]၊ ဦးရဲမင်းထွန်း၊ ဦးသက်မင်းထွန်း၊ ဒေါ်ငုဝါထွန်း (HTOO GROUP OF COMPANIES]၊ ဒေါ်အိသွယ်ထွန်းမြေမြတ်သဥ္ဇာထွန်း၊ ကိုဝေယံမင်းကျော်၊ကိုတင်ညီညီနိုင်-မယုယုယမင်း၊ မယုသင်းအောင်၊ မောင်စိုးရန်ပိုင်တို့၏ အဘွား၊ မောင်ပြည့်ဖြိုးဟိန်း၊ မပြည့်ဖြိုးသာ၊ မပြည့်ဖြိုးသူ၊ မောင်ပြည့်ဖြိုးခန့်တို့၏အဘွားသည် ၂၃-၁၂-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်ထွေးအောင်(၅၉)နှစ်
**(ဦးစီးအရာရှိ၊ ဘူမိ၊ ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၅)လမ်း၊ အမှတ်(၁၀၀၀/၇)နေ [ဦးအောင်ဘ(ညွှန်ချုပ်-ဆည်မြောင်း) - ဒေါ်ခင်သန်း]တို့၏ သားထွေး၊ ဒေါက်တာဝါဝါမြ၏ခင်ပွန်း၊ (မဆုမြသွယ်)၊ မယုမြသွယ်တို့၏ဖခင် ဦးတင်ထွေးအောင်သည် ၂၃-၁၂-၂၀၁၃ (တနင်္လာနေ့)နံနက်၈နာရီတွင် သုခကမ္ဘာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၄၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဝေလွင် အသက်(၃၀)
(B.A, English)
**(ဒု-ဦးစီးမှူး-ငြိမ်း၊ ပြည်တွင်း/အခွန်)**
**(ဟိန်းဟိန်း Mobile Shop)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေစံပယ်ရိပ်မွန်၊ ရွှေငုဝါလမ်း၊ D-5 နေ ဒေါ်ရှားလဲ့ခိုင်(Be Cute Beauty Spa)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးချိုသန်း (ဒါရိုက်တာ-ကျော်သာကုမ္ပဏီ)- ဒေါ်ခိုင်ခိုင်ဦးတို့၏သားကြီး၊ ဦးခိုင်ဇာကျင့် (မြို့နယ် အခွန်ဦးစီးဌာနမှူး-ငြိမ်း)၊ ဒေါ်မြင့်မြင့်အေးတို့၏သားသမက်၊ ကိုတေဇာဖြိုးသန်း၊ မသော်တာချိုတို့၏ အစ်ကိုကြီး၊ ဦးမောင်မောင်မျိုးခိုင် (3/E)-ဒေါက်တာမေဦးခိုင် (ရန်ကုန်ကလေးဆေးရုံကြီး)၊ ဦးကြည်ဦးဟန်(ဒလမြို့နယ် အခွန်ဦးစီးမှူး)-ဒေါ်ချိုချိုမာ(Myanmar Y.E.S Co.,Ltd.) တို့၏ မောင်၊ညီ၊ မောင်ကောင်းညဏ်ဟိန်း (Primary 6.D I.L.B.C)၊ မောင်ဟိန်းတေဇကျော် (K.G.E I.L.B.C) တို့၏ ချစ်လှစွာသော ဖခင် ဦးဝေလွင်သည် ၂၃-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သန်း(မြိတ်) (၈၉)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ကန်ပတ်လမ်း၊ အမှတ်(၁၇)နေ(ဦးတိုးလေး-ဒေါ်ကြွေ)တို့၏သမီး၊ (ဦးအောင်မဲ)၏ဇနီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မြောင်းကြီးလမ်း၊ အမှတ်(၄၇)နေ ဦးအင်လိုက်-ဒေါ်မြင့်မြင့်ကြည်၊ ဦးမြင့်လွင်-ဒေါ်ခင်မို့မို့၊ ဦးသန်းဝင်း-(ဒေါ်သန်းသန်းဆွေ)၊ (ဦးစိုးလွင်)၊ ဒေါ်လှလှသန်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက် တို့၏ အဘွားသည် ၂၃-၁၂-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
## ဒေါ်တင်တင်မေ(Rosy Myat) (ခ)ဒေါ်ငွေဥ(ကျောက်မဲ) အသက်(၈၀)
**B.A(E.Lit)ကုန်သွယ်လယ်ယာ(ငြိမ်း)**

ကျောက်မဲမြို့နေ(ဦးရွှေမြတ်-ဒေါ်ယု)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်ရွှေပု)၊ (ဦးခွန်သာမြတ်)-ဒေါ်ကြည်ကြည်တို့၏ညီမ၊ ဦးမြတ်ဝင်း-ဒေါ်ချယ်ရီ (ဦးကျော်သောင်း-ဒေါ်နန်းခင်လေး)တို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၈)၊ အနန္တမေတ္တာဘုရားလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးဇော်ဝင်း-ဒေါ်နန်းဥမ္မာမြင့်၊ ဦးနန္ဒသူရ-ဒေါ်အေးသီတာမြင့် တို့၏ချစ်လှစွာသောမိခင်၊ မဇင်ဇင်ဝင်းထက်(BBM)၊ မငုနန္ဒာ($2^{nd}$ MB၊ ဆေး-၁)၊ မောင်ဝေဟင်ထက်[G.10(I)(T.T.C)]၊ မဖူးသစ်နန္ဒာ[G-6(B)၊ လသာ-၂)တို့၏အဘွားသည် ၂၃-၁၂-၂၀၁၃(တနင်္လာနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်ခင်စောဝင်း (၆၉)နှစ်
**(အထပြ-ငြိမ်း၊ သဲကုန်း)**

ရန်ကုန်မြို့နေ အငြိမ်းစားအတွင်းဝန်ဝဏ္ဏကျော်ထင်(ဦးစန်းမောင်-ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၁၄၉)နေ (ဦးချစ်မောင်-ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ဦးစိုးထွန်း (အထပြ-ငြိမ်း၊ သဲကုန်း)၏ချစ်လှစွာသောဇနီး၊ ဦးစောထွန်းခိုင်(S.A.E အဆောက်အအုံဌာန၊ မြို့တော်စည်ပင်)-ဒေါ်သီတာစိုး(မြို့ပြအင်/ယာ)၊ ဦးသင်းအောင်(ကထိက၊ သချာင်္ဌာန၊ ပြည်တက္ကသိုလ်)-ဒေါ်ကေသီထွန်း(လျှပ်စစ်အင်/ယာ)၊ ဦးမြတ်မင်းစိုး(First Engineer, Skyline Shipping)-ဒေါ်သန္တာစုယဉ်တို့၏ချစ်လှစွာသော မိခင်၊ မောင်သန့်စည်သူအောင်၊ မပန်းဝတ်ရည်ဖြိုး၊ မသီရိမြတ်စုယဉ်တို့၏ အဘွားသည် ၂၄-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၂း၂၀ နာရီတွင် ဗဟိုရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၁)၊ ရတနာလမ်း၊ မြေညီထပ်၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းနေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မူမူသန်း (၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၅)အခန်း(၇)နေ (ဦးအောင်သန်း-ဒေါ်မေသိန်း)တို့၏သမီးကြီး၊ ဒေါ်အေးကြည်၊ (ဦးစောလှိုင်)၊ ဒေါ်ငွေး (မြေနီကုန်း)တို့၏တူမ၊ ဦးတိုးအောင်-ဒေါ်ယုယ(UK) (ဒေါက်တာဦးသိန်းဦး)-ဒေါ်စုစုသန်း(UK) ဦးခင်မောင်မြင့်-(ဒေါ်နွယ်နီသန်း)တို့၏အစ်မ၊ ကိုမျိုးသိန်းဦး၊ မအေးမြဦး၊ မအေးဥမ္မာအောင်တို့၏အဒေါ် ဒေါ်မူမူသန်းသည် ၂၃-၁၂-၂၀၁၃(တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၄၂)၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)(လေ/၁၀၆၄) (၈၇)နှစ်
**စစ်ဦးစီးမှူး၊ ပထမတန်း(ငြိမ်း)**
**ဆက်သွယ်ရေး/အီလက်ထရွန်နစ်(က. က. လေ)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ (၅)ရပ်ကွက်၊ ယိုးဒယားလမ်း၊ အမှတ်(၇)နေ (ဦးအေး-ဒေါ်မမလေး)တို့၏ သား၊ ဒေါ်စိန်စိန်(ခ)ဒေါ်စိန်ရင်၏ ချစ်လှစွာသောခင်ပွန်း၊ Olive-(Mr. Crasby) Australia ၊ (ဦးအောင်တင်-ဒေါ်စိန်စိန်)၊ (ဦးကျော်ဝင်း-ဒေါ်သန်းသန်း)၊ ဒေါ်ခင်လေးမြင့်(Australia)တို့၏ ညီ/မောင်၊ ဦးမောင်မောင်တင်(C/E Maersk Line)-ဒေါ်သီတာမြင့် (UNFPA-New York)၊ ဒေါ်နွယ်မာမြင့်၊ ဦးမြသောင်း(C/E M.T.M)-ဒေါ်စန္ဒာမြင့်၊ ဦးသန်းထွဋ်စိုး-ဒေါက်တာသီရိမြင့်(ဒု/ညွှန်မှူး၊ ကျန်းမာရေးဦးစီးဌာန)၏ ချစ်လှစွာသော မွေးသဖခင်၊ မောင်ဘရင်-မာယာဒါလီ၊ ခင်ဇာဖြူ လင်းမောင်၊ ရဲထက်အောင်၊ ဖြိုးပိုင်သောင်းတို့၏ အဘိုးသည် ၂၃-၁၂-၂၀၁၃(တနင်္လာနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၃(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) (၇၈)နှစ်
**(ကြည်း-၇၆၀၉)၊ O.T.S(18)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ဓမ္မစေတီလမ်း၊ အမှတ်(၃၁၉)နေ ဒေါ်လှလှမြင့်၏ ခင်ပွန်း၊ ဒေါ်နီလာမြင့်(ကထိက၊ ရက္ခဗေဒဌာန)၊ ဒေါ်ခင်မော်မြင့်(ကထိက၊ ဓာတုဗေဒဌာန၊ပဲခူးတက္ကသိုလ်)၊ဗိုလ်မှူးကျော်ထင်(ငြိမ်း) ITBMU၊ ဦးထိန်လင်းအောင် (TMW Group Excellent Creation Co., Ltd.)၊ ဒေါ်ဂျူးလီခင်(UAB Bank)၊ ဦးကျော်ဇောအောင် (Sales Operations Manager, Myanmar carlsberg Co., Ltd.)၊ ဒေါ်တင်မြတ်ထွေး(ဦးစီးအရာရှိ ပင်စင်ဦးစီးဌာန၊ မန္တလေးမြို့)တို့၏ ဖခင်၊ မလွင်လွင်မြတ်အောင်၊ မသက်နှင်းစု၊ မောင်ဇေယျကျော်ထင်၊ မောင်သူရကျော်ထင်တို့၏ အဘိုး ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ပဲခူးတိုင်းဒေသပါတီကော်မတီ၊ အတွင်းရေးမှူး-ငြိမ်း)သည် ၂၄-၁၂-၂၀၁၃ ရက် နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်လေးမယ် (၅၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပလမ်း၊ အမှတ်(၁၂၁)နေ (ဦးအေး-ဒေါ်စောရင်)တို့၏ သမီး၊ (ဦးမောင်ပို-ဒေါ်ခင်သိန်း)တို့၏ သမီးချွေးမ၊ (ဦးသန်းဝင်း)-ဒေါ်ခင်မြင့်၊ ဦးအေးသိန်း-ဒေါ်တင်အုန်း၊ (ဦးကျော်မြင့်-ဒေါ်ညို)၊ (ဦးအောင်မြင့်-ဒေါ်အေး)၊ (ဦးမြသိန်း)၊ ဦးဖေသိန်း-ဒေါ်အေးနွယ်၊ ဦးသန်းအေး-ဒေါ်ညွန့်သီတို့၏ ညီမ၊ ဦးကျော်ဦး-ဒေါ်သန်းသန်းမြ၊ ဦးမြင့်စိုး-ဒေါ်ခင်စန်းရီတို့၏အစ်မ၊ ဦးရန်အောင်(ကန်တော်ကြီးသင်တန်းကျောင်း)၏ ဇနီး၊ မဝင်းလဲ့ထွေး(ပင်လုံဆေးရုံ)၊ မနှင်းယုဝေ(ထ-၂ ဒဂုံမြောက်)၊ မခင်သူဇာအောင် (ကမ္ဘောဇဘဏ်)တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၂၃-၁၂-၂၀၁၃(တနင်္လာနေ့) ည ၁၀း၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးစောဘီဘီမြ(ခ)ဦးစောမြဝင်း(ခ)ဦးစောဘီစဲနီယာ (၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရေတာကလေးကျေးရွာနေ ဦးစောမိုးညို-နော်နန်းရွှေတို့၏ သားကြီး၊ အဖီးနော်မူတု-(ဦးရွှေဖူးဇာ)တို့၏ သားသမက်၊ နော်ဆာဖော၊ နော်ဘွေဖော-သိက္ခာတော်ရဆရာသာရွှေ၊ နော်ခွယ်ဖော-စောဖိုးကြောင်၊ စောရော်ဘီဆင်-နော်သန်းသန်းငွေ၊ နော်မူလေးချ၊ နော်ဘဲဝါးဖော-စောစိန်ထွန်းတို့၏ အစ်ကိုကြီး၊ စောဟေသားထူး၊ စောဟေသားစေး၊ နော်အယ်ဒါးဖောတို့၏ မွေးသဖခင်၊ နော်တာမလာဖော၏ ချစ်လှစွာသောခင်ပွန်း ဦးစောဘီဘီမြ(ခ)ဦးစောမြဝင်း(ခ)ဦးစောဘီစဲနီယာ (ဌာနခွဲမှူး၊ အခွန်ဌာန၊ ဒဂုံမြောက်ယာဉ်မောင်းသင်ကွင်းစခန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)သည် ၂၃-၁၂-၂၀၁၃(တနင်္လာနေ့) ညနေ ၆ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ပလောလားဟေးကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(ပလောလားဟေး ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်းမှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကိုမင်းအောင်(ခ)မင်းမင်း(ကြည့်မြင်တိုင်) (၄၃)နှစ်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၃၇)နေ (ဦးအုန်းမောင်)-ဒေါ်ခင်ကြည်တို့၏သား၊ ဦးမြင့်လွင်-ဒေါ်ခင်တင့်၊ ဒေါ်လှမြင့်တို့၏တူ၊ ကိုနန်းသိမ်း(ထွေ/အုပ်၊ ကြည့်မြင်တိုင်)-မအေးစန္ဒာ(ကမ္ဘာ့ရတနာဘဏ်)တို့၏ ညီ၊မောင်၊ ကိုခင်မောင်ဆွေ-မယဉ်ယဉ်မိုးတို့၏အစ်ကို၊ မောင်ဇင်ဝေယံထူး၊ မထက်မြတ်နိုးတို့၏ချစ်လှစွာသော ဦးလေး ကိုမင်းအောင်(ခ) မင်းမင်းသည် ၂၄-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၃(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်တင်ညွန့် (၈၃)နှစ်
**လက်ထောက်ကြီးကြပ်ရေးမှူး-ငြိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊(၂၉)ရပ်ကွက်၊ မင်းဒင်လမ်းသွယ်(၅)လမ်း၊ တိုက်အမှတ်(၄၃)၊ အခန်း(၆)နေ(ဦးထွန်းလှ)၏ဇနီး၊ (ဦးရဲတင့်)-ဒေါ်ဝင်းဝင်းမြင့်၊ (ဦးသန်းဆွေ)-ဒေါ်သန်းသန်းငွေ (လက်/မန် IKBZ)၊ ဦးစိုးအေး-ဒေါ်စန်းစန်းဝင်း (ဗဟိုသင်တန်းကျောင်း၊ သုဝဏ္ဏ)၊ (ဦးသန်းဝင်း)-ဒေါ်ဥမ္မာခင် (ကော့သောင်း)၊ ဦးတင်ထွန်းအောင်-ဒေါ်ကြည်ကြည်မြင့်၊ အုပ်ခွဲတပ်ကြပ်ကြီးညွန့်နိုင်(တပ်မတော်-ရေ)-ဒေါ်ခိုင်ခိုင်ထွန်းတို့၏ မွေးသမိခင်၊ မြေး၁၄ယောက်၊ မြစ်၁၂ယောက်တို့၏ အဘွားသည် ၂၃-၁၂-၂၀၁၃ (တနင်္လာနေ့)နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်သိန်း(၇၇)နှစ်
**(ဆရာပြောင်ကြီး ဆေးတို့ဖတ် ဆေးတိုက်ပိုင်ရှင်)**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၂၈)နေ ဒေါ်ခင်မြမြ-ဦးဇော်ဝင်း၊ ဒေါ်သီသီလွင်-ဦးအေးသန်း၊ ဒေါ်အေးအေးမြင့်-ဦးစန်းလွင်၊ ဒေါ်စီစီမြင့် [စိုက်/သု၊ ရေဆင်း]၊ ဒေါ်သီတာအေး [Lecturer ချင်းတွင်းကောလိပ်]၊ ဒေါ်သူဇာအေး-ဦးခင်မောင်သန်း၊ (ဒေါ်မာလာအေး)၊ ဒေါ်မြစန္ဒအေး[အမှတ်(၃) စက်ရုံ REVA]တို့၏အဒေါ်မိခင်သည် ၂၃-၁၂-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဦးပညာသာရ
## သိက္ခာတော်(၅၀)၊ သက်တော်(၇၀)
**ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ထနီးအုပ်စု၊ ကျုံတာကျေးရွာ၊ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲအမှတ်(၆၁၀)**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ အရှေ့မော်ရွာနေ (ခမည်းတော် ဦးထွန်းကျော်အောင်-မယ်တော် ဒေါ်အေးခိုင်)တို့၏သားကြီး၊ ကျောင်းဒါယကာကြီး ဦးဘဟန်-ကျောင်းဒါယိကာမကြီး ဒေါ်ကျင်အေး၊ ဒေါ်အေးနုဖြူ-ဦးမောင်ဝေအောင်၊ ဦးဘမောင်-ဒေါ်လုံးစိန်၊ ဒေါ်သန်းစိန်-ဦးစံကျော်၊ ဒေါ်အေးသန့်-ဦးစံသိန်း၊ ဒေါ်အေးကြည်-(ဦးအောင်ကျော်သိန်း)၊ ဦးဘကြည်-ဒေါ်တင်ရီ၊ ဒေါ်မကြည်-ဦးအောင်တင်၊ ဒေါ်မသန်းဝေ၊ ဦးမောင်သန်း-ဒေါ်မြင့်ရီတို့၏အစ်ကိုကြီး၊ တူ၊တူမ ၂၇ယောက်၊ မြေး ၁၅ယောက်တို့၏ဘကြီးဘုန်းဘုန်းသည် ၂၃-၁၂-၂၀၁၃ရက် နံနက် ၉း၂၅နာရီတွင် SSC ဆေးရုံ၌ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ်၊ ပြာသိုလဆန်း၁ရက်) ၁-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် မအူပင်မြို့၊ ထနီးအုပ်စု၊ ကျုံတာကျေးရွာတွင် ဈာပနကျင်းပပါမည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ဈာပနဖြစ်မြောက်ရေးကော်မတီ**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဦးပညာသာရ
## သိက္ခာတော်(၅၀)၊ သက်တော်(၇၀)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ အရှေ့မော်ရွာနေ (ခမည်းတော် ဦးထွန်းကျော်အောင်-မယ်တော် ဒေါ်အေးခိုင်) တို့၏သားကြီး၊ ကျောင်းဒါယကာကြီး ဦးဘဟန်-ကျောင်းဒါယိကာမကြီး ဒေါ်ကျင်အေး၊ ဒေါ်အေးနုဖြူ-ဦးမောင်ဝေအောင်၊ ဦးဘမောင်-ဒေါ်လုံးစိန်၊ ဒေါ်သန်းစိန်-ဦးစံကျော်၊ ဒေါ်အေးသန့်-ဦးစံသိန်း၊ ဒေါ်အေးကြည်-(ဦးအောင်ကျော်သိန်း)၊ ဦးဘကြည်-ဒေါ်တင်ရီ၊ ဒေါ်မကြည်-ဦးအောင်တင်၊ ဒေါ်မသန်းဝေ၊ ဦးမောင်သန်း-ဒေါ်မြင့်ရီတို့၏အစ်ကိုကြီး၊ တူ၊တူမ ၂၇ယောက်၊ မြေး ၁၅ယောက်တို့၏ဘကြီးဘုန်းဘုန်းသည် ၂၃-၁၂-၂၀၁၃ရက် နံနက် ၉း၂၅နာရီတွင် SSC ဆေးရုံ၌ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ်၊ ပြာသိုလဆန်း ၁ရက်) ၁-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် မအူပင်မြို့၊ ထနီးအုပ်စု၊ ကျုံတာကျေးရွာတွင် ဈာပနကျင်းပပါမည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**
## ဦးသန်းရွှေ အသက်(၉၇)နှစ်
**မြန်မာ့ကျောက်မျက်ရတနာ(ငွေပန်းထိမ်-ငြိမ်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ်(၁၀၇၈/ခ)နေ (ဒေါ်မြတင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးဆွေ-ဒေါ်ခင်ညိုဝင်း၊ (ဦးခင်မောင်ဦး)-ဒေါ်ခင်နီလင်း၊ ဦးခင်မောင်ကြီး-ဒေါ်ပပဝင်း၊ ဒေါ်စုစု(ခ)ဒေါ်သန်းသန်းနိုင်၊ ဦးခင်မောင်လေး-ဒေါ်သန်းသန်းနွယ်၊ ဦးစောဦး-ဒေါ်ဝါဝါ၊ ဒေါ်စမ်းမင်းထွေး(ခ)ဘေဘီ၊ ဦးတင်မင်းထွေး(ခ)ဦးတင်သိန်း၊ ဦးမျိုးမင်းထွေး၊ (ဦးသိုးထိန်း)၊ ဒေါ်ခင်သစ်လွင်တို့၏ဖခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၀ယောက်တို့၏ အဘိုးသည် ၂၂-၁၂-၂၀၁၃(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၃ (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၁၃ (စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အုန်း(မအူပင်) (၉၃)နှစ်

နေပြည်တော်၊ သုခသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၄၃၀၂)၊ အခန်း(၂၃)နေ (ဦးသာမြတ်-ဒေါ်ပန်းမှုံ)တို့၏ သမီးထွေး၊ [ဦးမောင်မောင်ကြီး(ခ)ပဏ္ဍိတ-အမ့်အမ့် Gyi၊ အနောက်တိုင်းလက္ခဏာပါရဂူကြီး]၏ ဇနီး၊ (ဒေါ်ခင်အေးသန်း)-ဦးဘိုနီ၊ ဦးမောင်မောင်ချစ်-ဒေါ်ခင်ခင်လှ၊ (ဦးမောင်မောင်နိုင်)၊ ဦးမော်မောင်ထွေး၊ (ဦးမောင်မောင်ချို)-ဒေါ်သိန်းငွေး၊ ဦးမေ ာင်မောင်လွင်-ဒေါ်ခင်လေးဝင်း၊ ဒေါ်မာမာထွေး(ဗဟန်းမြို့နယ်၊ ထွေ/အုပ်၊ ငြိမ်း)-ဦးဝင်းမြင့်(နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပ. ည. လ. က ရုံးချုပ်)၊ (ဦးမောင်မောင်ကြည်)တို့၏ မိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၂-၁၂-၂၀၁၃(တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံမှ ကော့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမန်းလှမောင် (၈၈)နှစ်
**(အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ)**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာနေ (ဦးမောင်တင်-ဒေါ်ကျင်လှိုင်)တို့၏ သား၊ (ဂေါ့မူနန်း)၏ ခင်ပွန်း၊ (ရဲမှူးစိုးမြင့်)-နော်အေးထွန်း၊ ဦးစိုးဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ်-၁၊ အခြေခံပညာဦးစီးဌာန)-ဒေါ်ကျင်စန်းနွဲ့(လက်ထောက်ကထိက၊ ရန်ကင်းပညာရေးကောလိပ်)တို့၏ ဖခင်၊ မြေးငါးယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၂၃-၁၂-၂၀၁၃(တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၁၂၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန၊ ရုံးဝင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းအမကြီး**
## ဒေါ်စောမြင့်(ကော့မှူးမြို့နယ်၊ဆပုဂံရွာ) (၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဆပုဂံကျေးရွာနေ (ဦးထွန်းအေး-ဒေါ်သိန်းမေ)တို့၏သမီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၈)လမ်း၊ အမှတ်(၁၀၇)နေ (ဦးကျော်)၏ ဇနီး၊ ဦးဝမ်းတစ်-ဒေါ်ခင်ငွေဦး(ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး)၊ (ဦးဝင်းနိုင်)-ဒေါ်ယဉ်ယဉ်အေး(ဦးစီးမှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ကူသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန) တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ကိုစိုးပြေ(လ/ထ မန်နေဂျာ၊ အောင်သစ္စာဦး အာမခံကုမ္ပဏီ)၊ မောင်ဖိုးပြည့်(GTC ပုသိမ်)၊ မသီရိခင်ထက်(ဆေးတက္ကသိုလ်-၂)၊ မောင်ပြည့်ဘုန်းကျော်(GTC မော်ဘီ)၊မထက်ထက်ကျော်(အထက-၁၊ မ/ဥက္ကလာ) တို့၏ အဘွားသည် ၂၃-၁၂-၂၀၁၃(တနင်္လာနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Samdech Akka Moha Ponhea Chakrei Heng Samrin ၏ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ Peace Palace အထူးဧည့်သည်တော်များ ဧည့်ခန်းမဆောင်၌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဖနောင်ပင်မြို့မှ ဆီရမ်ရိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ **စာမျက်နှာ ၃ ကော်လံ ၁ သို့●**

## ထူးခြားသည့် ညအပူချိန်များ

| | |
|---|---|
| လွိုင်လင် | ၁ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၃ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ ဒီဂရီစင်တီဂရိတ် |

# စိတ်ဝင်စားဖွယ်ကောင်းသည့် ရုပ်ရှင်အကယ်ဒမီ ဆုပေးပွဲ

**ရုပ်ရှင်အနုပညာကို ချစ်မြတ်နိုးသူတိုင်းစိတ်ဝင်စားကြသည့် အကယ်ဒမီဆုပေးပွဲ အခမ်းအနားကြီးကျင်းပရန် နီးကပ်သည်ထက် နီးကပ်လာပြီဖြစ်သည်။ ရုပ်/သံ အစီအစဉ်များ၊ သတင်းစာ၊ ဂျာနယ်များတွင် အကယ်ဒမီနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခြင်းများ၊ ထင်မြင်ချက်များ၊ ထုတ်လွှင့်ရေးသားဖော်ပြလျက်ရှိရာ အကယ်ဒမီဆုပေးပွဲ၏ အရှိန်မှာ မြင့်သည်ထက်မြင့်လာသည်။ ကျင်းပရန် လေးရက်သာလိုတော့သည့် အကယ်ဒမီဆုပေးပွဲကြီးနှင့်စပ်လျဉ်း၍ ပြည်သူများသို့ သတင်းအချက်အလက်များပေးနိုင်ရန်အတွက် မြန်မာ့သတင်းစဉ်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**



မို့မို့မြင့်အောင်(အကယ်ဒမီ ဆုဇန်းကိုင်ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင်)

**ဦးအေးကြူလေး [ဒုတိယဥက္ကဋ္ဌ(၂) ရုပ်ရှင်အစည်းအရုံး၊အခြေခံအဆင့်အကယ်ဒမီဆု ရွေးချယ်ရေးဘုတ်အဖွဲ့ဝင်]**

ဒီနှစ် အကယ်ဒမီကားပေါင်း ၁၇ ကားရှိပါတယ်။ အဆင့်ဆင့် စိစစ်တယ်။ ပထမအကြိမ် အခြေခံစစ်ပြီးတော့ ၁၀ ကားပြုတ်သွားတယ်။ ခုနစ်ကားပဲကျန်တော့တယ်။ အဲဒီ ခုနစ်ကားကတော့ ဉ၊ လက်ပံ၊ တိမ်မင်းသမီးရဲ့ဒိုင်ယာရီ၊ အမွေခံထိုက်သူဖြစ်ပါစေ၊ အမုန်းမီးတောက်၊ ကယန်းအလှနဲ့ မော်ကင်းဉဒါန်းတို့ ဖြစ်ပါတယ်။ ဒါပေမယ့် တကယ်တမ်းဆုပေးရင် သုံးကားလည်းဖြစ်ချင်ဖြစ်မယ်။ ခုနစ်ကားလုံးလည်း ဖြစ်ချင်ဖြစ်မယ်။ ဘယ်ကားပြုတ်သွားမလဲ မပြောနိုင်ဘူး။ အကယ်ဒမီနေ့ကျမှ သိရမယ်။ အကယ်ဒမီဘယ်ဇာတ်ကားရမလဲလို့ ပြောလို့မရဘူး။ အကယ်ဒမီဝင်ကားကိုသာ ပြောလို့ရမယ်။ ကျွန်တော်လည်း ဘုတ်အဖွဲ့ထဲမှာပါတယ်။ အကယ်ဒမီဆုရွေးချယ်ရေး ပထမအဆင့်မှာ ဘုတ်အဖွဲ့ဝင် ၁၇ ဦးရှိတယ်။ တစ်ဦးက ရုပ်ရှင်လုပ်ငန်းကပါ။ ကျန်တာက အနုပညာရှင်တွေပါ။ သူတို့က မဲပေးပြီး ရွေးတာ၊ စာအိတ်ပိတ်ပြီး ဒုတိယအဆင့်ကို ပြန်ပြီးတင်လိုက်တယ်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့○**

**အမေးအရေး-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ရီရီသန့်**



လတ်ဗီးဂတ်စ်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် စိန်ခေါ်ပွဲတစ်ခုတွင် ဖလွိုက်မေဝယ်သာ(ဝဲ)နှင့် ကာနီလိုအယ်လ်ဗာရတ်ဇ်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# အကောင်းဆုံးထိုးသတ်နိုင်စွမ်းရှိသည့် မေဝယ်သာနှင့် ဖရော့ချ် ၂၀၁၃ ခုနှစ်၏ တစ်နှစ်တာအကောင်းဆုံးဆု ချီးမြှင့်ခံရဖွယ်ရှိ

၂၀၁၃ ခုနှစ်အတွင်း လက်ဝှေ့လောကတွင် အကောင်းဆုံးထိုးသတ်နိုင်စွမ်းရှိခဲ့သည့် လက်ဝှေ့ကျော်များဖြစ်ကြသည့် ဖလွိုက်မေဝယ်သာနှင့် ကားလ်ဖရော့ချ်တို့သည် တစ်နှစ်တာအကောင်းဆုံးလက်ဝှေ့သမားဆုများ ချီးမြှင့်ခံရဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် ပရော်ဖက်ရှင်နယ်လက်ဝှေ့ကစားသမား ဖလွိုက်မေဝယ်သာသည် ၂၀၀၇ ခုနှစ်တွင် လက်ဝှေ့ကလောင်ရှင်များအသင်းက ပေးအပ်သော တစ်နှစ်တာအကောင်းဆုံးလက်ဝှေ့သမားဆုကို ရရှိခဲ့ပြီး ၂၀၀၈၊ ၂၀၁၀နှင့် ၂၀၁၂ ခုနှစ်များတွင်လည်း နှစ်အလိုက် အားကစားပိုင်းဆိုင်ရာ စွမ်းဆောင်မှုအဖြစ် ပေးအပ်ခဲ့သော အကောင်းဆုံးဆုများကိုလည်း ဆွတ်ခူးရရှိခဲ့သည်။

ဖလွိုက်မေဝယ်သာသည် ၎င်း၏ လက်ဝှေ့သမားဘဝတစ်လျှောက်တွင် စုစုပေါင်း ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၄၅ ပွဲရှိခဲ့ရာ ၄၅ ပွဲစလုံး နိုင်ပွဲရရှိခဲ့ပြီး အဆိုပါနိုင်ပွဲများထဲတွင် အလဲထိုးနိုင်ပွဲ ၂၆ ပွဲအထိ ရှိခဲ့သည်။

ထို့အတူ ကားလ်ဖရော့ချ်သည်လည်း ကမ္ဘာ့ချန်ပီယံသုံးကြိမ်ဖြစ်ဖူးသည့် ပရော်ဖက်ရှင်နယ်လက်ဝှေ့ကစားသမားတစ်ဦးဖြစ်ပြီး စူပါမစ်ဒယ်ဝိတ်တန်းပြိုင်ပွဲများတွင် အကောင်းဆုံးနှင့် ပြိုင်ဘက်ကင်းသည့် ကစားသမားတစ်ဦးဖြစ်ပြီး လက်ဝှေ့လောကတွင် ၃၄ ပွဲ ကစားကာ ၃၂ ပွဲနိုင်ပွဲရရှိခဲ့ပြီး နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ ယင်းပြိုင်ပွဲများအနက် ၂၃ ပွဲမှာ အလဲထိုးနိုင်ပွဲရရှိခဲ့သည်။ **(ငွေကြယ်)**

# မန္တလေးမြို့၌ သေနတ်ပစ်ဖောက်၍ ရွှေများလုယက်သူကို လုံးထွေးဖမ်းဆီး

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း (၈၀×၂၉)လမ်းနှင့် (၃၀)လမ်းကြားရှိ မောင်ကိန်းရွှေဆိုင်တွင် ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က လူငယ်တစ်ဦး ရွှေဝယ်ဟန်ဆောင်၍ ဝင်ရောက်လာပြီး သေနတ်ပစ်ဖောက်၍ ရွှေများလုယက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က အသက် (၂၅)နှစ်ခန့် လူငယ်တစ်ဦး ဦးထုပ်ဆောင်း၊ နှာခေါင်းစည်းတပ်ကာ ဘေးလွယ်အိတ်လွယ်၍ ရွှေဆိုင်အတွင်းဝင်ရောက်လာရာ **စာမျက်နှာ ၉ ကော်လံ ၄ သို့❖**








မကြာမီဖွင့်လှစ်ပါတော့မည်
Good!
Developed by
01 516533-6
01 524963, 526928


Oramin-G
ခရစ္စမတ်နှင့် နှစ်သစ်ကူးချိန် ကာလသမယတွင် မွန်မြတ်လှသည့်၊ မှည့်သောကောင်း
'အော်ရာမင်-ဂျီ'
ခန္ဓာသန်စွမ်းစိတ်ရွှင်လန်းဖို့
'အော်ရာမင်-ဂျီ' ကိုသောက်ကြပါစို့ ...
DAEWON PHARM. CO., LTD.


ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းများမှစီစဉ်ကျင်းပသော
Yangon ICT Fair 2013
MCPA
MCIA


PUN HLAING HOSPITAL
ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်


Samsung
GALAXY STAR Plus
SAMSUNG
သင့်အတွက် အဆင့်မြင့်
SMART PHONE
Samsung Customer Call Centre
Samsung Customer Service Plaza (1)
Samsung Customer Service Plaza (2)


YOUR INDUSTRY, DIRECTORY
သင့် လုပ် ငန်း အ တွက် အ ကောင်း ဆုံး လမ်း ညွှန်
2014-15 အတွက်
သင့်လုပ်ငန်းများ
နေရာယူနိုင်ပါပြီ။
Automobile EQUIPMENT
Industries Directory
Information Communication
food INDUSTRY DIRECTORY
YANGON BUILDERS GUIDE
09 - 44800 1654
09 - 44800 1655
09 - 44800 1658
09 - 44800 1663
373254 , 245358 (Ext: 810-819) Email - ydg.adv@gmail.com
















အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး


Congratulation MYANMAR
Many Stories ... One Myanmar
GREENPOWER MYANMAR
We are honoured and privileged to serve 27th SEA games opening & closing ceremonies with most reliable electricity supply, state of the art generating and power distribution system, and world class operation management of electricity supply for the greatest event held in Myanmar in 44 years.
We appreciate all of our local and overseas power system professionals for their dedications and unmatched services to "Make Great Thing Happen" despite numerous challenges yet had no spare in their best efforts to serve nation and people of Myanmar to be proud of this celebratory event in their lifetime.
Clean, Green & Energy
www.greenmyanmar.com
27th SEA GAMES MYANMAR 2013
NAY PYI TAW
WE PROVIDE ONE-STOP SOLUTIONS & SERVICES
Power Generation Equipment (Biomass, Solar, Wind, Gas, Diesel, Crude)
Electrical Substations and Distribution Systems
Transformer Testing and Improvement Services
Design, Engineering, Consultancy, Installation of Highly Reliable Electricity Supply Systems